ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်၊ စနေနေ့၊ (19-7-2008) (၅၇၄၄)

ခန္တီစ တော်ံ မင်္ဂလ မုတ္တမံ

သည်းခံခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညို

ရန်ကုန် ဇူလိုင် ၁၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ကာကွယ်ရေးဝန်ကြီးဌာန နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ဝင်းအတွင်းရှိ အလံပြဘုရားကျောင်းတိုက်၌ ကျင်းပသည့် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြပြီး အလံပြဘုရား ကျောင်းတိုက် ဆရာတော်အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။
(သတင်းစဉ်)

အဆိုပါ အခမ်းအနားသို့ အလံပြဘုရားကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တသီရိန္ဒ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဇနီး ဒေါ်ကြင်မြိုင်၊ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မြဝင်း၊ ဒုတိယ ကျောင်းအုပ်ကြီး၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီး များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အလံပြဘုရားကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသီရိန္ဒထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြ သည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော် များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လေဘေးသင့် ပြည်သူများအတွက် ကျန်းမာရေးစွမ်းဆောင်ချက် ဂုဏ်ယူလျက်. . .

“ဆေးရုံသင်္ဘောများတွင် ဆေးကုသရေးတာဝန် ထမ်းဆောင်ခဲ့ကြသော အဖွဲ့ဝင်များ အလှည့်ကျ လဲလှယ်တာဝန်ထမ်းဆောင်ကြသည်မှာ (၁၀) ကြိမ် ရှိခဲ့ပြီဖြစ်။ သမားတော်ကြီးများ၊ အထူးကု ဆရာဝန်ကြီးများ အပါအဝင် စုစုပေါင်း ဆရာဝန် ၁၇၃ ဦးနှင့် သူနာပြု ၂၉ ဦး ရှိခဲ့”

ဒေါက်တာကျော်မြင့်၏ **“လေဘေးသင့် ပြည်သူများအတွက် ကျန်းမာရေး စွမ်းဆောင်ချက် ဂုဏ်ယူလျက်. . .”** (ဆောင်းပါး) စာမျက်နှာ- ၈၉

ကြေးမုံ The Mirror
၁၉-၇-၂၀၀၈
(စနေနေ့)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျေးလက်ဒေသဖွံ့ဖြိုးရေး တိုးမြှင့်ဖော်ဆောင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်

နိုင်ငံ၏ လူဦးရေအများစုသည် ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိရာ နိုင်ငံတော်က ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဖြည့်ဆည်းဖော်ဆောင်ပေးလျက်ရှိသည်။

အထူးသဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံကျသည့် လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်စေရေးအတွက် ကျေးရွာချင်းဆက်လမ်းသစ်များ၊ ကျေးလက်နှင့် မြို့ပြဆက်သွယ်သည့်လမ်းများကို ဖောက်လုပ်ပေးနေသည်။ ထို့အတူ မြစ်ကူး၊ ချောင်းကူးတံတားများစွာကို ဒေသအလိုက် တည်ဆောက်ပေးလျက်ရှိရာ ကျေးလက်ပြည်သူများ သွားလာဆက်သွယ်ရေး အဆင်ပြေလွယ်ကူလျက်ရှိသည်။

မကွေးတိုင်း ဂန့်ဂေါမြို့နယ်၌ မြစ်သာမြစ်ကူး ကြိုးတံတားကို ဇွန်လ ၉ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ အဆိုပါကြိုးတံတားကို မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဒေသခံပြည်သူများ၏ထည့်ဝင်လှူဒါန်းငွေ ကျပ်သိန်းငါးရာကျော်တို့ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အနီးပတ်ဝန်းကျင်ကျေးရွာ ၁၆ ရွာတို့မှ ပြည်သူများ ရာသီမရွေး ဖြတ်သန်းသွားလာနိုင်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်း တောင်သာမြို့နယ် ရုံးတောကျေးရွာ ကျောက်တစ်လုံး ရေလှောင်တမံ ရိုးဖြတ်ကူးတံတားကို ကျေးရွာပြည်သူများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့၏ ပံ့ပိုးမှုဖြင့် တည်ဆောက်ခဲ့ရာ ဇူလိုင်လ ၁၃ ရက်နေ့က ဖွင့်လှစ်နိုင်ခဲ့သည်။ အဆိုပါ ရိုးဖြတ်ကူးတံတား ဖွင့်လှစ်လိုက်သည့်အတွက် ဒေသခံပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုလျက်ရှိသည်။

ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးတွင် အရေးပါသည့် ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေး စီမံကိန်းကိုလည်း အကောင်အထည်ဖော်ခဲ့ရာ ယခုအခါ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်း အတွင်းရှိ မြို့နယ်ပေါင်း ၃၀ ကျော်၌ မြို့နယ်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေ ရရှိနေပြီဖြစ်သည်။ အလားတူ ဒေသအလိုက် အခြေခံပညာ ကျောင်းဆောင်သစ်များ၊ ကျေးလက်ကျန်းမာရေးဆေးပေးခန်း၊ စာကြည့်တိုက်များဖြင့် ပြည့်စုံနေသည့် စံပြကျေးရွာများကိုလည်း ထူထောင်ပေးလျက်ရှိကြောင်း တွေ့မြင်နေရသည်။

နိုင်ငံတော်အစိုးရနှင့်အတူ စေတနာရှင်၊ အလှူရှင်များ၏ ပူးပေါင်းပါဝင်ကူညီမှုများဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးနေခြင်းဖြင့် ကျေးလက်ဒေသနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးများ ပိုမိုတိုးတက်မြင့်မားလာမည်ဖြစ်ပါသည်။ ။

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၈

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် ဇနီး ဒေါ်ခင်မိမိတို့အား အမှူးထား၍ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ တတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

အဆိုပါလှူဒါန်းပွဲသို့ နေပြည်တော် ပျဉ်းမနား စူဠာမဏိရန်အောင်မြင်ကျောင်းဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသ အမှူးပြုသော ရေစက်ကျောင်း၊ ပံ့သကူကျောင်း၊ ယောက်သွားအင်းကျောင်း၊ ရွှေအိုးဘိုကျောင်းတို့မှ ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် ဇနီး ဒေါ်ခင်မိမိ၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ နေပြည်တော် ပျဉ်းမနား စူဠာမဏိရန်အောင်မြင်ကျောင်းဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသထံမှ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် ဇနီး ဒေါ်ခင်မိမိတို့ အမှူးပြုသော ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များထံ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်း၍ ဆရာတော်၊ သံဃာတော်များက ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် ဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသထံမှ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့်ဇနီး ဒေါ်ခင်မိမိတို့ အမှူးပြုသော ပရိသတ်များက သာဓုအနုမောဒနာတရားကို နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ကြသည်။ (သတင်းစဉ်)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် ဇနီး ဒေါ်ခင်မိမိတို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးခင်မောင်သိန်း နည်းပညာတက္ကသိုလ်(သန်လျင်)တွင် ခရေပင် အမှတ်တရ စိုက်ပျိုးပေးစဉ်။ (ခရိုင်ပြန်/ဆက်)

ပဲခူးတိုင်း အင်းတကော်စံပြကျေးရွာ တောင်ကိုးလုံးရှိ နန်းတော်ဦးတောရကျောင်းအတွင်း တည်ဆောက်ဆဲ ကမ္ဘာ့သဃ ပြည်လုံးချမ်းသာနန်းဦးစေတီတော်မြတ်ကြီး၏ စိန်ဖူးတော်အတွက် နှစ်ဖက်သောမိဘတို့အား အမှူးထား၍ ကိုကျော်ကျော်လတ်-မမီမီအောင်၊ သား မောင်ကောင်းခန့်ကျော် မိသားစုက အလှူငွေကျပ် ငါးသိန်းကို တည်ဆောက်ရေး တာဝန်ခံ ဆရာတော် ဘဒ္ဒန္တဝါယမိန္ဒထံ ဆက်ကပ်လှူဒါန်းစဉ်။ (၅၇၇)

မော်လမြိုင်မြို့ရှိ သမိုင်းဝင်ဆံတော်ရှင် ကျိုက်သုတ်စေတီတော်မြတ်ကြီး၌ ဆေးပဒ္ဒါန်း လှူဒါန်းပူဇော်မည်

ရန်ကုန် ဇူလိုင် ၁၈

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သမိုင်းဝင်ဆံတော်ရှင် ကျိုက်သုတ်စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း၌ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် (၁၂၃)ကြိမ်မြောက် ဆေးပဒ္ဒါန်းလှူဒါန်းပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပရေးနှင့် လုပ်ငန်းဆပ်ကော်မတီများအား တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၉ ရက်တွင် အဆိုပါစေတီတော်မြတ်ကြီး၌ကျင်းပရာ ဆေးပဒ္ဒါန်းလှူဒါန်းပူဇော်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင်က ယခုနှစ်ကျင်းပမည့် ဆေးပဒ္ဒါန်းလှူဒါန်းပွဲသည် နှစ်ပေါင်းတစ်ရာကျော်မှ စတင်၍ ရိုးရာမပျက် နှစ်စဉ် ကျင်းပလျက်ရှိပြီး ယခုနှစ် ဩဂုတ် ၃၀ ရက်(ဝါခေါင်လကွယ်နေ့)တွင် ကျင်းပမည်ဖြစ်၍ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ ကျောင်းပေါင်း ၁၀၈ ကျောင်း နှင့် သီလရှင်ကျောင်း သုံးကျောင်းတို့မှ သံဃာတော်နှင့် သီလရှင်အပါး ၇၀၀၀ ကျော်တို့ ကြွရောက်တော်မူလာကြမည်ဖြစ်ကြောင်း ပြောကြားကာ ဆပ်ကော်မတီအသီးသီးကို တာဝန်ပေးအပ်လိုက်သည်။

အလှူရှင်များ၊ အသင်းအဖွဲ့များနှင့် ဆေးတိုက်ပိုင်ရှင်များအနေဖြင့် ဆေးပဒ္ဒါန်းအတွက်လှူဒါန်းလိုပါက ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အနောက်ဘက်စောင်းတန်း အောက်ပစ္စယာရှိ မော်လမြိုင်မြို့နယ်အသင်း(ရန်ကုန်) ဖုန်း-၀၁-၂၅၆၁၅၇၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်း ဖုန်း-၀၁-၇၂၈၂၃၇၊ ကျိုက်သုတ်စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင် ဖုန်း-၀၅၇-၂၅၅၃၁၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော်နှင့် အတွင်းရေးမှူး ဦးမျိုးခိုင် ဖုန်း-၀၅၇-၂၄၆၉၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကွယ်လွန်သူ မိဘနှစ်ပါးနှင့် ဆရာသခင်ကျေးဇူးရှင် မန္တလေး အင်းဘဲရပ်နေ ဒေါ်သိန်းခင်အား ရည်စူး၍ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် (၂၈) လမ်းနေ ဒေါ်ကျင်စိန် (၈၀) နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ်သိန်း ၇၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင်နှင့် အတွင်းရေးမှူး ဦးမောင်မောင်တို့ လက်ခံယူစဉ်။ (က-ပ)

နည်းပညာတက္ကသိုလ် (သန်လျင်) မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်တောင်ပိုင်းခရိုင် နည်းပညာတက္ကသိုလ်(သန်လျင်)၏မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၇ နာရီတွင် ယင်းတက္ကသိုလ်ဝင်းအတွင်းရှိ ယာယီမဏ္ဍပ်၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်း သစ်တောဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က ရန်ကုန်တိုင်းအတွင်း မိုးရာသီသစ်ပင်များ စိုက်ပျိုးသွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးခင်မောင်သိန်းနှင့် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပျိုးပင်များကို ပေးအပ်ကြ၍ သတ်မှတ်နေရာအသီးသီး၌ ခရေပင်နှင့် ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြကာ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၏ သစ်ပင်စိုက်ပျိုးမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

နည်းပညာတက္ကသိုလ် (သန်လျင်)၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် အရိပ်ရပင်၊ ပန်းအလှပင်နှင့် လေကာပင်စုစုပေါင်း ပျိုးပင် ၅၀၀ ကို စိုက်ပျိုးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကုသိုလ်ကောင်းမှုပြုသူ အကြီးအမှူးဖြစ်

ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သောသူသည် အများသူငါတို့ထက် မြတ်သော အကြီးအမှူး အဖြစ်သို့ရောက်၏။ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သော သတိတရားကို ပညာရှိတို့ ချီးမွမ်းကုန်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းကို ပညာရှိတို့ အမြဲကဲ့ရဲ့ကုန်၏။ (ဓမ္မပဒ-၃၀)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဇူလိုင် ၁၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးစိုးကြည်အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ငြေးတို့ အမှူးပြုသော ပရိသတ်များ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြစဉ်။ (သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးတို့က ပဓာနနာယက ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဇနီးတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ဒုတိယကျောင်းအုပ်ကြီး၊ တပ်မတော် အရာရှိကြီးများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်တို့က အလံပြဘုရားကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ ရေစက်ချအနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးနှင့် အဖွဲ့ဝင်များက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးက ကြီးမှူးကျင်းပသော ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးက ကြီးမှူးကျင်းပသော ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဗဟန်းမြို့နယ်၊ ကြားတောရလမ်း မင်္ဂလာဈေးဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ငြေးနှင့် အဖွဲ့ဝင်များ၊ စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များ၊ အတွင်းရေးမှူး အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ မူလဆယ်တောင်ပြည့်ကျောင်း ဆရာတော် ဘဒ္ဒန္တကုဒ္ဓိဗလထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ငြေးနှင့် အဖွဲ့ဝင်များက သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် အလုံ အောင်မင်္ဂလာတိုက်သစ် ဆရာတော် ဘဒ္ဒန္တကုဏ္ဍလထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရှိရသည်။(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဒေါ်ခင်သက်ငြေးနှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးက ကြီးမှူးကျင်းပသည့် ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြစဉ်။ (အမျိုးသမီးရေးရာ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၉-၇-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၅ ၄။ အဆိုပြိုင်ပွဲ
- ၇း၅၅ ၅။ ကဗျာပန်းဥယျာဉ်
- ၈း၀၅ ၆။ တေးဂီတအစီအစဉ်
- ၈း၁၅ ၇။ နိုင်ငံ့စီးပွား အလေးထား ကျေးလက်ထုတ်ကုန်များ
- ၈း၂၅ ၈။ အကပဒေသာ
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ အတီးပြိုင်ပွဲ
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂း၃၀ ၅။ Treasure from the Earth
- ၁း၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၁း၂၀ ၇။ **"နှစ်မြွာနတ်မိမယ်" (မင်းသူ၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-အောင်ကျော်ကျော်)**
- ၁း၄၀ ၈။ အဆိုပြိုင်ပွဲ
- ၁း၅၀ ၉။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၂း၁၀ ၁၀။ မူပာန်သွယ်သွယ်ဆိုကြမယ်
- ၂း၁၅ ၁၁။ **"ပေါင်ပေါ်ကျတဲ့ မီး" (ရဲအောင်၊ ထွန်းထွန်းနိုင်၊ ညီညီမင်းထက်၊ ဘုန်းလျှံ၊ ဟန်နီထွန်း၊ ဝိုင်းစုခိုင်သိန်း) (ဒါရိုက်တာ-မောင်မောင်မြင့်လွင်၊ မင်းအုပ်စိုး)**
- ၂း၃၀ ၁၂။ International News.
- ၂း၄၀ ၁၃။ အကပြိုင်ပွဲ
- ၂း၅၀ ၁၄။ Local Talent
- ၃း၀၀ ၁၅။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အကပြိုင်ပွဲ
- ၄း၂၀ ၃။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၄။ တေးဂီတအစီအစဉ်
- ၄း၄၀ ၅။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၅း၀၅ ၆။ မြန်မာ့ဓလေ့ရိုးရာလက်ဖွေ့
- ၅း၂၅ ၇။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၆း၀၀ ၈။ ညနေခင်းသတင်း
- ၆း၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၀။ အဆိုပြိုင်ပွဲ
- ၆း၄၅ ၁၁။ အလှူရှာမယ်၊ လှူကမ္ဘာဝယ်
- ၇း၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေမင်းသားလေးချစ်ပုံပြင်" (အပိုင်း-၁၄)**
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လူယောင်ဆောင်သော ရွှေငါးနတ်သမီးလေး" (အပိုင်း-၅)**
- ၁၇။ အစီအစဉ်ပြီး၏။

ကြည့်ရှုအားပေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ပန်းတနော်မြို့နယ် ကျုံတုံးလေး ကျေးရွာအုပ်စု တလိုင်းစုကျေးရွာ တောင်သူ ဦးသန်းအေး၏ မျိုးကောင်းမျိုးသန့် ဆင်းသွယ်လတ်နှင့် မနောသုခ စပါး ရှစ်ဧက စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ဧရာဝတီတိုင်း မအူပင်ခရိုင်နှင့် ပုသိမ်ခရိုင်အတွင်းရှိ မြို့နယ်များမှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ တွေ့ဆုံမှာကြား

နေပြည်တော် ဇူလိုင် ၁၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင်၁၅ရက် နံနက်၈နာရီတွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် မဲဇလီ ကျေးရွာသို့ ရောက်ရှိရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် တာဝန်ရှိသူများကကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မအူပင်ခရိုင် ညောင်တုန်းမြို့သို့ ရောက်ရှိကြပြီး ညောင်တုန်း မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်ရပ်မိရပ်ဖများအား တွေ့ဆုံကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညွန့်တင်က မြို့နယ်ဆိုင်ရာ အချက်အလက်များ၊ ယခုနှစ် မိုးစပါးစိုက်ပျိုးရန် လျာထားမှု၊ စိုက်ပျိုးပြီးစီးမှု၊ လျာထားချက်ပြည့်မီအောင် တိုးချဲ့စိုက်ပျိုးသွားမည့် အစီအစဉ်များနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှု များကိုရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်ကိုကိုက ဒေသဖွံ့ဖြိုးတိုးတက်ရန် အခြေခံအချက်များဖြစ်သော ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး၊အခြေခံစီးပွားရေးအဆောက်အအုံကောင်းမွန်ရေးနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်ရေး၊ဒေသတွင်းစိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ဌာနဆိုင်ရာများ အနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့် လက်တွဲ၍ တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ ပန်းလှိုင်မြစ်နှင့် ဧရာဝတီမြစ်ရေကြီးမှု ကာကွယ်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကိုကိုသည် ညောင်တုန်းမြို့နယ် (၂၁)လမ်းသို့ သွားရောက်၍ စည်ပင်တာပေါင်မှ ပန်းလှိုင်မြစ်ရေစီးဆင်းမှုအခြေအနေ၊ ကမ်းမြေရေတိုက်စားမှု ကာကွယ်ရေး အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ တိုင်းရေအရင်းအမြစ်နှင့် မြစ်ချောင်းများ အသုံးချရေးဦးစီးဌာနမှူး ဦးစောအောင်လွင်က မြစ်ရေတိုက်စားမှုမှ ကာကွယ်ရန် မြေဖို့ထားရှိမှုနှင့် ဗိုလ်မြတ်ထွန်းတံတားရေလမ်းကြောင်းတွင် ကာကွယ်ထိန်းသိမ်းမှုတို့ကို မြေပုံဖြင့် ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်ကိုကိုက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက်ဗိုလ်ချုပ်ကိုကို၊တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ညောင်တုန်း-ပန်းတနော် ကားလမ်းတစ်လျှောက်၌ ညောင်တုန်းမြို့နယ် ဌာနဆိုင်ရာများက စိုက်ပျိုးထားရှိသည့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပန်းတနော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမသို့ ရောက်ရှိကြပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံကြသည်။

ဖြည့်စွက်တင်ပြ

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြဦးနှင့်တာဝန်ရှိသူများက မြို့နယ်အတွင်းစိုက်ပျိုးရေးဆောင်ရွက်ထားရှိမှု၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကိုရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များကို ဖြည့်စွက်တင်ပြသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကိုက ဧရာဝတီတိုင်းသည် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းတို့တွင် အဓိကအထောက်အကူပြုသော တိုင်းဖြစ်၍ ဌာနဆိုင်ရာများနှင့် ဒေသခံများကဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ လူမှုရေးကဏ္ဍတွင် အဓိကအခန်းကဏ္ဍမှပါဝင်နေသောပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မိဘ၊ ဆရာအသင်းနှင့်ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်း၊ ကျန်းမာရေးကဏ္ဍတွင်လည်းလူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း ဆောင်ရွက်ကြရန်လိုကြောင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပန်းတနော်မြို့နယ် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပန်းတနော်မြို့နယ် ကျုံတုံးလေး ကျေးရွာအုပ်စု တလိုင်းစုကျေးရွာသို့ ရောက်ရှိကြပြီး ဗိုလ်ချုပ်ကိုကိုနှင့် တိုင်းမှူးတို့က တောင်သူဦးသန်းအေး၏ ကွင်းအမှတ်(၅၁၈)၌ မျိုးကောင်းမျိုးသန့် ဆင်းသွယ်လတ်နှင့် မနောသုခစပါး ရှစ်ဧက စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြကာ တလိုင်းစုကျေးရွာ၌ ကျင်းပသည့် ပန်းတနော်မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်ဒေသခံပြည်သူများ၏ ခြံစည်းရိုးကြက်ဆူပင် ငါးဧကစိုက်ပျိုးပွဲသို့တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များထံ ပေးအပ်ကြသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ခြံစည်းရိုးကြက်ဆူပျိုးပင်များကိုသတ်မှတ်နေရာများတွင်စိုက်ပျိုးပေးကြပြီးဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ၏စုပေါင်းစိုက်ပျိုးနေမှုတို့ကိုလှည့်လည်ကြည့်ရှုအားပေးကြသည်။

ကျောင်းကုန်းမြို့

ထို့မှတစ်ဆင့် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပုသိမ်ခရိုင် ကျောင်းကုန်းမြို့သို့ ရောက်ရှိကြပြီး ကျောင်းကုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အေးချမ်းသာယာခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကြသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညဏ်လှိုင်က ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေ၊ ဒေသတွင်းစိုက်ပျိုးရေး၊ပညာရေး၊ကျန်းမာရေးဆိုင်ရာများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်ကိုကိုက ဧရာဝတီတိုင်းအတွင်း စီးပွားရေးစီမံကိန်း လျာထားချက်များ ပြည့်မီကျော်လွန်ရေးအတွက် ဌာနဆိုင်ရာများက ကြိုးပမ်းဆောင်ရွက်ကြရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက်ယဉ်ကျေးမှုဆိုင်ရာများကို စာသင်ကျောင်းများတွင် အလေးထားသင်ကြားပေးရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံ

ယင်းနောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကန်ကြီးထောင့်မြို့သို့ ရောက်ရှိကြပြီး ဧရာသီရိသုခခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နှင့်ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကြသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းရွှေက မြို့နယ်ဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှာကြား

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်ကိုကိုက ဒေသနှင့် ကိုက်ညီသည့်ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများနှင့် ပဲသီးနှံစိုက်ခင်းများတွင် နေကြာသီးညှပ်စိုက်ပျိုးရေး၊ သီးနှံစိုက်ဧကများအားလုံးအောင်မြင်စွာ ရိတ်သိမ်းနိုင်ရေးနှင့် မြို့အင်္ဂါရပ်နှင့်အညီ သာယာလှပရေး၊ မြို့တွင်းလမ်းများ အဆင့်မြှင့်နိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းဆောင်ရွက်ကြရန် တို့ကို မှာကြားသည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကန်ကြီးထောင့်မြို့နယ် လောကမှန်ကူ ဆုတောင်းပြည့် စေတီတော်သို့ သွားရောက်ကြပြီး ပန်း၊ ဆီမီးနှင့်အမွှေးနံ့သာတို့ဖြင့် ကပ်လှူပူဇော်ကြကာ စေတီတော်အား လက်ယာရစ်ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကိုသည် စေတီတော်ဘက်စုံမွမ်းမံတည်ဆောက်ရေးအတွက် အလှူငွေများကိုပေးအပ်ရာ စေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးတင်နှင့်တာဝန်ရှိသူများက လက်ခံကြကာ စေတီတော်ပုံတူ ကားချပ်ကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်ကြပြီး ဗိုလ်ချုပ်ကိုကိုသည် လောကမှန်ကူစေတီတော်၏ဧည့်သည်တော် မှတ်တမ်း၌ လက်မှတ်ရေးထိုးသည်။

(သတင်းစဉ်)

လေဘေးသင့် ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၈

လေဘေးသင့် ပြည်သူများအတွက် ပြည်တွင်း/ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာ ဌာနသို့ ယနေ့ လာရောက်လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

အလှူရှင်များ

အလှူရှင်များမှာ ကိုခိုင်ထွန်းနှင့် မနန်းစိုး၊ သမီးမအဲဗားထွန်းမိသားစု (ကံသာရပ် တောင်တွင်းလမ်း မကွေးမြို့)က ငွေကျပ်တစ်သိန်း၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက စုစည်းလှူဒါန်းသည့် အလှူငွေကျပ် ၁၅၁၄၅၀၀၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက စုစည်းလှူဒါန်းသည့် အလှူငွေ ၁၂၆၂၉၆၈၆၅ ကျပ်နှင့် China First Automobile Group Import & Export Corporation (FAW) က အမေရိကန်ဒေါ်လာ တစ်သောင်းတို့ ဖြစ်သည်။

ယနေ့တွင်လက်ခံရရှိသည့် အလှူငွေ စုစုပေါင်းမှာ ငွေ ၁၂၇၉၁၁၃၆၅ ကျပ်၊ အမေရိကန်ဒေါ်လာ ၁၀၀၀၀ တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်းအသီးသီးမှ ငွေနှင့်ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ပေးပို့လှူဒါန်း

နေပြည်တော် ဇူလိုင် ၁၈

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သားမိသားစုများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ငွေနှင့်ထောက်ပံ့ရေးပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ စစ်ကိုင်းတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၅၆၄၅၅၂၀၀၊ ချင်းပြည်နယ်မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၁၅၁၄၅၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြပြီး ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီသို့ လာရောက်လှူဒါန်း ငွေကျပ် ၃၆၅၂၃၇၀၀အပါအဝင် စေတနာရှင်ပြည်သူများ၏ ဇူလိုင် ၁၈ရက်အထိ လှူဒါန်းသည့် ငွေနှင့်ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေ ၁၄၂၂၅၀၃၂၂၃၅ ကျပ်ရှိပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပုလဲရတနာလမ်းရှိ ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်၌ ကျင်းပသည့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ၊ တိပိဋကဓရ စာအောင် သာသနဒ္ဓဇာနည် အရှင်မြတ်နှစ်ပါးတို့အား ချီးကျူးပူဇော်ပွဲနှင့် သာသနနုဂ္ဂဟဘွဲ့ရ လူပုဂ္ဂိုလ်သုံးဦးတို့အား ဂုဏ်ပြုလက်မှတ်ချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၇ရက် နံနက် ၈ နာရီတွင် အဆိုပါစာသင်တိုက်၌ကျင်းပရာ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော်အား ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းကာ တိပိဋကဓရ စာအောင်သာသနဒ္ဓဇာနည်အရှင်မြတ်နှစ်ပါးတို့အား အောင်လက်မှတ်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ အခမ်းအနားသို့ ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်ကြီး၏ပဓာနနာယက ဆရာတော် ရွှေရတုတိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ အမှူးပြုတော်မူသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြသည်။

ပူဇော်ကြည်ညို

ရှေးဦးစွာ မြင်းခြံမြို့ ကိုးဆောင်တိုက်ဆရာ တော်ကြီး၏ ဂုဏ်တော်၊ ကျေးဇူးတော်များကို အာရုံပြုရည်မှန်း၍ တစ်မိနစ် ငြိမ်သက်စွာ ပူဇော်ကြည်ညိုကြသည်။

ထို့နောက် ပိဋကတ်သုံးပုံနိကာယ် စာသင်တိုက်ကြီး၏ ပဓာနနာယက ဆရာတော် ရွှေရတုတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသထံမှဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် အပူဇော်ခံ တိပိဋကဓရ စာအောင်အရှင်မြတ်နှစ်ပါးတို့၏ ထေရုပ္ပတ္တိအကျဉ်းကို အရှင်ပညိန္ဒက ဖတ်ကြားပူဇော်သည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေက ပဓာန နာယက ဆရာတော်အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဇနီးနှင့် တာဝန်ရှိသူများက ဆရာတော်၊သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ၂၀၀၈ ခုနှစ် အကြိမ် (၆၀)မြောက် နိုင်ငံတော်အစိုးရ၏ တိပိဋကဓရ စာမေးပွဲကြီးတွင် ပိဋကတ်တစ်ပုံဆောင် အရှင်ဇောတိသရာလင်္ကာရနှင့် အရှင်ကေလာသ အရှင်မြတ်နှစ်ပါးတို့အား အောင်လက်မှတ်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်ကသာသနနုဂ္ဂဟဘွဲ့ရလူပုဂ္ဂိုလ်များဖြစ်ကြသောအဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရဘွဲ့ရ သမားတော် ဦးဘိုကြီး၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရဘွဲ့ရ သီတဂူဦးနိုင်ဦးနှင့် သုဓမ္မသိင်္ဂီဘွဲ့ရ ဒေါ်ခင်ဆွေဦးတို့အား ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်ပြီး ပဓာနနာယက ဆရာတော်ထံမှ အနုမောဒနာတရား နာယူကြကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့်ဇနီးနှင့် တာဝန်ရှိသူများက ကျောင်းတိုက်ရှိ သံဃာတော်များအား ဝါဆိုသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့်ဇနီးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ပုလဲရတနာလမ်းရှိ ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်၌ကျင်းပသည့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ တိပိဋကဓရ စာအောင် သာသနဒ္ဓဇာနည် အရှင်မြတ်နှစ်ပါးအား ချီးကျူးပူဇော်ပွဲနှင့် သာသနနုဂ္ဂဟဘွဲ့ရ လူပုဂ္ဂိုလ်သုံးဦးတို့အား ဂုဏ်ပြုလက်မှတ်ချီးမြှင့်ပွဲတွင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ပုလဲရတနာလမ်းရှိ ပိဋကတ်သုံးပုံ နိကာယ် စာသင်တိုက်၌ကျင်းပသည့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ တိပိဋကဓရ စာအောင် သာသနဒ္ဓဇာနည် အရှင်မြတ်နှစ်ပါးအား ချီးကျူးပူဇော်ပွဲနှင့် သာသနနုဂ္ဂဟဘွဲ့ရ လူပုဂ္ဂိုလ်သုံးဦးတို့အား ဂုဏ်ပြုလက်မှတ်ချီးမြှင့်ပွဲတွင် သာသနနုဂ္ဂဟဘွဲ့ရသူတစ်ဦးအား ဂုဏ်ပြုလက်မှတ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးဌာန အငြိမ်းစားဝန်ထမ်းများနှင့် တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းများ၏ သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဇူလိုင် ၁၂ ရက်က နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာဓမ္မာရုံ၌ ကျင်းပပြီး ဆောက်လုပ်ဆဲလေးထပ် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်နှစ်သိန်းကို အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ရန်ကုန်အနောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ၏ (၃၈)ကြိမ်မြောက် ဘုရားကိုးဆူပူဇော်ပွဲနှင့် နဝမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၁၇ ရက်က ဘုရင့်နောင်ရှိ ရုံးချုပ်၌ကျင်းပရာ အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား တာဝန်ရှိသူများက သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (၆၃)

ဝါဆိုလပြည့်နေ့က မှုခင်းတပ်ဖွဲ့တပ်ဖွဲ့ဝင်မိသားစုများ၏ ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် ခေတ္တမှုခင်းတပ်ဖွဲ့မှူး ရဲမှူးကြီးအုန်းမြင့် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (မှုခင်းတပ်ဖွဲ့)

ရှေ့နေချုပ်ရုံးက ထုတ်ဝေသော စာအုပ်များဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၈

ရှေ့နေချုပ်ရုံးက ပုံနှိပ်ထုတ်ဝေသော "ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များနှင့် ကြေညာချက်များ (၂၀၀၇)ခုနှစ်" စာအုပ်ကို တစ်အုပ်လျှင် ငွေကျပ် ၂၀၀၀ ၊ " Myanmar Laws (2007)" စာအုပ်ကို တစ်အုပ်လျှင် ငွေကျပ် ၁၈၀၀ ဖြင့် ရှေ့နေချုပ်ရုံးက ၂၀၀၈ ခုနှစ် ဇွန်လမှစ၍ ဖြန့်ချိလျက်ရှိသည်။

ယင်းစာအုပ်များတွင် ၂၀၀၇ ခုနှစ်အတွင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ထုတ်ပြန်ခဲ့သည့် ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များနှင့် အစိုးရအဖွဲ့က ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာများနှင့် ကြေညာချက်များ ဖော်ပြထားသည်။

ယင်းစာအုပ်များကို ရှေ့နေချုပ်ရုံး(နေပြည်တော်) ဥပဒေစာအုပ်အရောင်းဆိုင်၊ ရှေ့နေချုပ်ရုံးခွဲ(ရန်ကုန်) ဥပဒေစာအုပ်အရောင်းဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်၊ အင်းဝစာအုပ်ဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်နှင့် ပြည်နယ်၊ တိုင်းဥပဒေရုံးများ၌ ဝယ်ယူရရှိနိုင်ပြီး အဆိုပါစာအုပ်ဆိုင်များ၌ ရှေ့နေချုပ်ရုံးက ထုတ်ဝေဖြန့်ချိလျက်ရှိသော အခြားဥပဒေစာအုပ်များကိုလည်း ရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပိုးလောက်လမ်းနှိမ်နင်းရေး နှိုးဆော်ချက်

၁။ပိုးလောက်လမ်းနှိမ်နင်းရေးသည် သွေးလွန်တုပ်ကွေးကပ်ရောဂါကို ထိန်းချုပ်ရာ၌ အဓိကလုပ်ငန်းဖြစ်ပါသည်။

၂။ပိုးလောက်လမ်းကို ထိရောက်စွာ နှိမ်နင်းနိုင်ရေးအတွက် အောက်ပါ အချက်(၃)ချက်နှင့် ပြည့်စုံရပါမည်-

(က) ခြင်ပေါက်ပွားနိုင်သော ရေစည်ရေအိုးနှင့် ရေတင်ကျန်နိုင်သော ပစ္စည်း များတွင် ပေါက်ပွားနေသော ပိုးလောက်လမ်းအားလုံး ကင်းရှင်းရန်၊

(ခ) ရပ်ကွက်ကျေးရွာအတွင်းရှိ အိမ်၊ ကျောင်း၊ လူနေအဆောက်အအုံ အားလုံးမှာ ပိုးလောက်လမ်းကင်းစင်ရန်၊

(ဂ) မိသားစုတိုင်းနှင့်ရပ်ရွာလူထုမှ ပိုးလောက်လမ်းနှိမ်နင်းမှုကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း၊ တစ်ပတ်တစ်ကြိမ်ပုံမှန် ဆောင်ရွက်ရန်။

၃။ ကလေးငယ်များ သွေးလွန်တုပ်ကွေးမဖြစ်စေရန် မိမိတို့နေအိမ်နှင့် ပတ်ဝန်းကျင်တွင် ပိုးလောက်လမ်းကင်းစင်အောင် ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

ပို့ဆောင်ရေးဝန်ကြီးဌာန ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၈

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဇနီး ဒေါ်မြသီဂီ တို့အား အမှူးထား၍ ပို့ဆောင်ရေး ဝန်ကြီးဌာန တတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၄ရက် နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် နေပြည်တော်ပျဉ်းမနား ပါဠိတက္ကသိုလ် မင်္ဂလာဇေယျံ ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန နာယက သာသနဓဇ ဓမ္မာစရိယ မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိဆရာတော် အမှူးပြု၍ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျံ ပရိယတ္တိစာသင်တိုက် ငွေတောင်ကျောင်း၊ ဇောတိကာရုံကျောင်းနှင့် သာသနဝေပုလ္လာကျောင်းတို့မှ ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် နေပြည်တော် ပျဉ်းမနား ပါဠိတက္ကသိုလ် မင်္ဂလာဇေယျံ ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန နာယက ဆရာတော်ထံမှ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဇနီး ဒေါ်မြသီဂီ၊ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ အကြီးအကဲများ၊ ၎င်းတို့၏ ဇနီးများနှင့် ဝန်ထမ်းမိသားစုများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များကရွတ်ပွားသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဇနီး ဒေါ်မြသီဂီတို့က ဘဒ္ဒန္တဝိမလဗုဒ္ဓိဆရာတော်အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး **(အပေါ်ပုံ)** ဌာနဆိုင်ရာ အကြီးအကဲများနှင့် ၎င်းတို့၏ဇနီးများက ကျောင်းတိုက်များမှ ဆရာတော် သံဃာတော် ၁၂၉ ပါးအတွက် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ပါဠိ တက္ကသိုလ် မင်္ဂလာဇေယျံ ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန နာယက ဆရာတော်က သာဓုအနုမောဒနာတရား ချီးမြှင့်တော်မူပြီး ပရိသတ်များက လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဆရာတော် သံဃာတော်များအား ဝန်ထမ်းမိသားစုများက နေ့ဆွမ်း ဆပ်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပန်းတောင်းမြို့နယ်အသင်းမိသားစု ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၈

ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏ ပထမအကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဇူလိုင် ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း ကြည့်မြင်တိုင် ပန်းလှိုင်လမ်း အမ္ဗာရာမကျောင်းတိုက်၌ ကပ်လှူမည်ဖြစ်သည်။ ရန်ကုန်ရောက် ပန်းတောင်းမြို့နယ်သူ၊ မြို့နယ်သားများအားလုံး မိသားစုတစ်စုတစ်စည်း မပျက်မကွက် ပါဝင်တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် သင်္ကန်းများကို အသင်းနာယက ဦးလွင်မြင့် ဖုန်း-၆၄၀၂၆၆၊ ဥက္ကဋ္ဌ ဦးစိန်မြင့် ဖုန်း-၀၉၅၀၂၉၆၂၆၊ အတွင်းရေးမှူး ဦးငွေသိန်း ဖုန်း-၅၅၅၅၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ဇနီး ဒေါ်ကြူကြူဝင်းတို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၁၈

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ဇနီး ဒေါ်ကြူကြူဝင်းတို့အား အမှူးထား၍ ဝန်ထမ်းမိသားစုများ၏ ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့တွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ပျဉ်းမနား လယ်တီအောင်မင်္ဂလာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သံဝရထံမှ ဝန်ကြီး ဦးစိုးသာ၊ ဇနီး ဒေါ်ကြူကြူဝင်းနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွား သရဇ္ဈာယ်တော်မူကြပြီး ဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နေပြည်တော် ပျဉ်းမနား မစိုးရိမ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တရေဝတထံမှ အနုမောဒနာတရား နာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၇-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၅ ၄။ ကျန်းမာသုတ
၁၂း၃၀ ၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် -တောကြိုက် (ကျော်ရဲအောင်၊ ခိုင်သင်းကြည်)**
၁း၅၀ ၆။ အမျိုးသားရေးတေးကဗျာ
၁း၅၅ ၇။ အပိတ်နှုတ်ဆက်စကား
၂း၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၂၀ ၅။ မျိုးချစ်တပ်မတော်
၄း၂၅ ၆။ အမျိုးသားရေး တေးကဗျာ
၄း၃၅ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၄း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၉။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ အံ့ဩဖွယ်ရာ ဆပ်ကပ်ပညာ
၆း၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဒိုးဒိုးဒေါက်ဒေါက် ဘုန်းဘောက် (အပိုင်း-၁၉)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ လူရွှင်တော်ရွှေဖလား
၂၀။ English Usage
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အဖြူရောင် မြွေမင်းသမီးလေး (အပိုင်း-၃၂)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

နေပြည်တော်တိုင်းစစ်ဌာနချုပ် မိသားစုဝင်များ၏ ဒုတိယအကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲတွင် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကျင်းပ



နေပြည်တော် ဇူလိုင် ၁၈

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့်ဇနီးဒေါ်ဆွေဆွေဦးတို့အား အမှူးထား၍ တိုင်းစစ်ဌာနချုပ် မိသားစုဝင်များ၏ ဒုတိယအကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲ အခမ်းအနားကို ဇူလိုင် ၁၆ရက် နံနက် ၅နာရီတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ပျဉ်းမနား မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တကဝိသာရထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီး ဒေါ်ဆွေဆွေဦးတို့က ဆရာတော် ဘဒ္ဒန္တကဝိသာရထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဇော်မင်းနှင့် ဇနီး၊ ဦးစီးအရာရှိကြီးများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းမိသားစု ဝါဆိုသင်္ကန်းကပ်လှူပွဲ ကျင်းပ

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ပရိသတ် တို့က စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၈

စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ရတနာခန်းမ၌ ကျင်းပရာ နေပြည်တော်ပျဉ်းမနား မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကဝိသာရထံမှ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သည့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက ဆရာတော်၊ သံဃာတော်များအား ဝါဆို သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေ၍ နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ (သတင်းစဉ်)

ဝါဆိုလပြည့်ဓမ္မစကြာအခါတော်နေ့ကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

မြန်မာနိုင်ငံလုံးဆိုင်ရာဗုဒ္ဓသာသနာပြုအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် (၃၁)ကြိမ်မြောက် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို ဇူလိုင် ၁၇ရက်နံနက်ပိုင်းတွင် အဆိုပါအဖွဲ့ချုပ်၌ ကျင်းပသည်။

ရှေးဦးစွာ သာသနာ့ဗိမာန်၌ ပူဇော်ထားရှိသော ဓမ္မစက္ကပဝတ္တနသုတ်တော် ဟောကြားတော်မူပုံ မြတ်စွာဘုရားနှင့် ပဉ္စဝဂ္ဂီငါးပါးတို့အား အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစန်းထွန်း ဦးဆောင်သော အဖွဲ့ဝင်များက ကြာသင်္ကန်း ကပ်လှူပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)အဘိဓမ္မာဌာန ပါမောက္ခ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇောတိက အမှူးပြုသော ဆရာတော် သံဃာတော်များက အနေကဇာတင်တော်မူကြပြီး တက်ရောက်လာကြသော ပရိသတ်များက ဆရာတော် သံဃာတော် ၁၀ပါးတို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆရာတော် ဘဒ္ဒန္တဇောတိကထံမှ ပရိသတ်တို့က ရှစ်ပါးသီလခံယူ ဆောက်တည်ကြပြီး အနုမောဒနာတရားနာယူကြကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေ၍ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ဂေါပကအဖွဲ့နှင့် ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ သုံးမြို့နယ် စုပေါင်း ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင်၁၇ ရက်(ဝါဆိုလပြည့်နေ့)ကကျင်းပရာ ဂေါပကအဖွဲ့နာယက အဏ္ဏဝါ ဦးသန်းအောင်က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (၂၃)

သူတို့ ဤသို့တီထွင်ခဲ့ကြသည်

နိုင်ငံတကာမှ သိပ္ပံပညာရှင်များ၊ သုတေသီများ၊ ပညာရှင်များက လူသားတို့အတွက် ဆေးဝါး၊ အစားအစာနှင့် အသုံးအဆောင်ပစ္စည်းအသီးသီးတို့ကို နှစ်ရှည်လများ စမ်းသပ်သုတေသနပြုကာ လူသားအကျိုးပြုပစ္စည်းများအဖြစ် တီထွင်ဖန်တီးခဲ့သည်။ အဆိုပါ ပညာရှင်များ တီထွင်ဖန်တီးထုတ်လုပ်ခဲ့သည့် ပစ္စည်းများ၊ တီထွင်ထုတ်လုပ်သည့် ခုနှစ်နှင့် ပညာရှင်များ၏ အမည်တို့ကို အလျဉ်းသင့်သလို ဖော်ပြသွားမည်ဖြစ်ပါသည်။

စဉ်	တီထွင်သည့်ပစ္စည်း	တီထွင်သည့်ခုနှစ်	တီထွင်သူ	နိုင်ငံသား
၁	ခရီးဆောင်လက်ဆွဲကွန်ပျူတာ (Computer, laptop)	၁၉၈၇	Sinclair	အင်္ဂလိပ်
၂	ကွန်ဒင်ဆာစကားပြောခွက် (တယ်လီဖုန်း)	၁၉၁၆	Wente	အမေရိကန်
၃	မျက်ကပ်မှန်	၁၉၄၈	Tuohy	အမေရိကန်
၄	သန္ဓေတားဆေး (သောက်ဆေး)	၁၉၅၄	Pincus, Rock	အမေရိကန်
၅	မျိုးစပ်ပြောင်း	၁၉၁၇	Jones	အမေရိကန်
၆	ဒီဇယ်အင်ဂျင်	၁၈၉၅	Diesel	ဂျာမနီ
၇	စီဒီခေတ်ပြား (Disc, compact)	၁၉၇၂	RCA	အမေရိကန်
၈	စီဒီဖွင့်စက် (Disc player, compact)	၁၉၇၉	Sony, Philips Co.	ဂျပန်၊ ဟော်လန်
၉	ပန်းကန်ဆေးစက်	၁၈၉၃	Cochrane	အမေရိကန်
၁၀	ကွန်ပျူတာသုံးခေတ်ပြား (Floppy disk)	၁၉၇၀	IBM	အမေရိကန်

တရားနာယူ

ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)က ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မဟာဇေယျ အတုလမာရဇိန် ကြေးသွန်းဘုရားတွင် ဂေါပကအဖွဲ့ဝင်များနှင့် ဘုရားဖူး ပြည်သူများ ဆရာတော်ထံမှ သီလပေး တရားနာယူကြစဉ်။ (က-ပ)

၂၀၀၈-၂၀၀၉ ပညာသင်နှစ် ကျောင်းနှင့် ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ ဖြစ်သော ဇူလိုင် ၁၃ ရက်တွင် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးဟန်ရွှေနှင့် အမက (၆) ပုဇွန်တောင် ကျောင်းအုပ်ဆရာမကြီးဒေါ်တင်တင်ဝင်းတို့ ဦးဆောင်သော ကျောင်းသား၊ ကျောင်းသူများ ကျောင်းဝင်းအတွင်း သစ်ပင်များ စိုက်ပျိုးကြစဉ်။ (ပညာရေး)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

လေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးစွမ်းဆောင်ချက် ဂုဏ်ယူလျက်...

ဒေါက်တာကျော်မြင့်

နာဂစ်ဆိုင်ကလုန်း မုန်တိုင်းသည် မြန်မာနိုင်ငံ၌ မေလ ၂ ရက်နေ့နှင့် ၃ ရက်နေ့များတွင် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များသို့ ဝင်ရောက် တိုက်ခတ်သွားခဲ့သည်။ နာဂစ်မုန်တိုင်းဒဏ်ကြောင့် လေဘေးသင့်ဒေသနေ ပြည်သူများ၏ အသက်အိုးအိမ်၊ စည်းစိမ်များစွာ ဆုံးရှုံးခဲ့ရသည့်ကြားမှ အသက်ရှင်ကျန်ရစ်သူ ပြည်သူများအား အသက်ဆုံးရှုံးမှု မရှိစေရန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အတွက် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဗဟိုကော်မတီဝင် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများသည် မေလ ၃ ရက်နေ့တွင် နေပြည်တော်၌ အရေးပေါ် အစည်းအဝေး ကျင်းပပြုလုပ်ပြီး ယင်းနေ့ညနေတွင် ရန်ကုန်မြို့၌ ကွပ်ကဲမှုရုံးဖွင့်၍ လေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများကို အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။

ကျန်းမာရေး ဝန်ကြီးဌာနမှလည်း ကျန်းမာရေးဝန်ကြီးဌာန ယာယီကွပ်ကဲမှုရုံးကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်နှင့် ပြင်ပလူနာဌာန၌ဖွင့်လှစ်ပြီး ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ပြည်သူ့ကျန်းမာရေး ရောဂါကာကွယ်နှိမ်နင်းရေး ဌာနများမှ ဆရာဝန်ကြီးများသည်လည်း ရဟတ်ယာဉ်၊ မော်တော်ယာဉ်၊ သင်္ဘောများဖြင့် ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ၊ ဝါးခယ်မ၊ ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြမြို့နယ်များသို့ ကွင်းဆင်းသွားရောက်ကာ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။ အထူးကုဆရာဝန်ကြီးများ၏ ကုသမှုလိုအပ်သော လူနာများကို ရဟတ်ယာဉ်များဖြင့် သယ်ဆောင်၍ ရန်ကုန် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြသည်။ လူနာများ၏ လိုအပ်ချက်များကိုလည်း ပါမောက္ခ အထူးကုဆရာဝန်ကြီးများက ဂရုတစိုက် ကုသပေးနိုင်ခဲ့ကြသည်။

ဇွန်လ ၆ ရက်နေ့တွင် ကျန်းမာရေး ဝန်ကြီးဌာန၊ ဆေးရုံကြီးများမှ သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ အထွေထွေရောဂါကုဆရာဝန်များ၊ သူနာပြုများပါဝင်သော ကွင်းဆင်းကုသရေး အဖွဲ့ဝင်များသည် သင်္ဘောဖြင့် ခရီးထွက်ခွာ၍ လပွတ္တာ၊ မော်လမြိုင်ကျွန်း၊ ဘိုကလေး၊ ဝါးခယ်မ၊ ဖျာပုံ၊ မြောင်းမြဒေသများရှိ လေဘေးသင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဝါးတန်းဆိပ်ကမ်း၌ ရောက်ရှိနေရာသို့ သွားရောက်နှုတ်ဆက်ရာ စိတ်အားထက်သန်စွာ ရှိနေကြသည်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့မြင်ခဲ့ရသည်။

ဆေးဝါးကုသရေး အဖွဲ့ဝင်များတွင် ငယ်ရွယ်သူ ဆရာဝန်များလည်းပါရှိရာ ခရီးထွက်ခါနီး အတွေ့အကြုံနည်းသေး၍ မိမိ၏သားသမီး အရင်းအချာများကဲ့သို့ စိုးရိမ်ပူပန်စိတ်ဖြင့် သွားရောက်နှုတ်ဆက်ခြင်းဖြစ်ပြီး ငယ်ရွယ်သူများအတွက် ကျန်းမာရေးဂရုစိုက်စေရန်၊ ရာသီဥတုဒဏ် ခံနိုင်ရန် အတွက်ဆိုသည့် စိုးရိမ်ပူပန်စိတ်များဖြင့် **"အနွေးထည်တွေ၊ မိုးကာအင်္ကျီတွေ ယူခဲ့ကြရဲ့လား၊ ခြင်မကိုက်အောင် ခြင်ထောင်တွေပါရဲ့လား"** စသည်ဖြင့် မေးမြန်းမိခဲ့သည်။ ဆရာဝန်ငယ်များက **"ဆရာကြီး ကျွန်တော်တို့ လိုအပ်တာတွေ ပြည့်ပြည့်စုံစုံယူလာကြပါတယ်၊ ကျွန်တော်တို့ရည်မှန်းချက် နေရာကို မရောက် ရောက်အောင် သွားပါမယ်၊ စိတ်ချပါ ဆရာကြီး"** ဆိုပြီး နောက်မဆုတ်တမ်း အရောက်သွားမည်ဆိုသည့် ခိုင်မာသည့်စိတ်ဓာတ်ဖြင့် ပြန်လည်၍ ကတိပြုကာ လူကြီးများ စိတ်ပူပင်သောကကင်းအောင် ပြန်လည်ဖြေကြားပေးခဲ့ကြသောကြောင့် ဝမ်းသာပီတိ ဖြစ်ခဲ့ရပါသည်။

ကျန်းမာရေး ဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းကာ ဧရာဝတီတိုင်း လေဘေးသင့် ဒေသဖြစ်သည့် လပွတ္တာ၊ ဘိုကလေး၊ ဖျာပုံ မြို့နယ်များရှိ ကျေးရွာများ အရောက် သင်္ဘောသုံးစင်းဖြင့် လှည့်လည် ဆေးဝါးကုသပေးမည့် သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ အထွေထွေရောဂါကု ဆရာဝန်ကြီးများနှင့် သူနာပြုများအား မေလ ၁၉ ရက်နေ့ နံနက်ပိုင်းကလည်း ရန်ကုန်မြို့ ဝါးတန်းဆိပ်ခံတံတားမှ မထွက်ခွာမီ သွားရောက် နှုတ်ဆက်ခဲ့ပါသည်။

ဆေးကုသရေးသင်္ဘော သုံးစင်းတွင် ဘိုကလေးမြို့သို့ ထွက်ခွာမည့် တိုင်းဧသင်္ဘော၊ ဖျာပုံမြို့နယ်သို့ထွက်ခွာမည့် တတိုင်းမွှေးသင်္ဘောနှင့် လပွတ္တာမြို့နယ်သို့ ထွက်ခွာမည့် ဝေဿန္တရာသင်္ဘောများတွင် သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ အထွေထွေရောဂါကု ဆရာဝန်များနှင့်အမျိုးသားသူနာပြုများ လိုက်ပါ ဆောင်ရွက်ခဲ့ကြသည်။ ဇွန်လ ၁၁ ရက်နေ့ မော်လမြိုင်ကျွန်းမြို့နယ်သို့ ပပဝင်းသင်္ဘောဖြင့် အထူးကုဆရာဝန်ကြီးများနှင့် သူနာပြုများကိုလည်း ထပ်မံဖြည့်ဆည်းပေးခဲ့သည်။

အလုပ်သင်ဆရာဝန်များ ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်း အရှေ့ကျေးရွာ၌ ကျေးရွာပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးစဉ်။

ဆေးရုံသင်္ဘောများတွင် ဆေးကုသရေး တာဝန်ထမ်းဆောင်ခဲ့ကြသောအဖွဲ့ဝင်များ အလှည့်ကျလဲလှယ် တာဝန်ထမ်းဆောင်ကြသည်မှာ (၁၀) ကြိမ်ရှိခဲ့ပြီဖြစ်သည်။ သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ အပါအဝင် စုစုပေါင်းဆရာဝန် ၁၇၃ဦးနှင့် သူနာပြု ၂၉ ဦး ရှိခဲ့ပါသည်။

ဆေးရုံသင်္ဘောများရှိ ဆေးကုသရေးအဖွဲ့များသည် အခြေစိုက်မြို့နယ်အတွင်း သွား၍ရသည့် နေရာအထိ သွားရောက်ဆေးကုသပေးပြီး သင်္ဘောကြီးသွား၍မရသည့် မြစ်ချောင်းနားရှိ ကျေးရွာများသို့ သက်ဆိုင်ရာက စီစဉ်ပေးသည့် သင်္ဘောငယ်များ၊စက်လှေများဖြင့် ဆက်လက်သွားရောက် ကုသပေးခဲ့ကြသည်။ သင်္ဘောကြီးပေါ်သို့လာရောက်ဆေးကုသမှု ခံယူသူများကို လက်ခံကုသပေးပြီး လူနာများထံလည်း ရောက်အောင် ဆေးကုသပေးမှာဖြစ်သည် ဆိုသည့် အပြန်အလှန်သဘော ဆောင်ရွက်ခြင်းဖြစ်သည်။ ဧရာဝတီတိုင်း၏ ရေမြေသဘာဝအရ မြစ်ချောင်း၊ အင်းအိုင် ပေါသည့်အတွက် မြစ်ချောင်းနားတွင်ရှိသည့် အချို့ကျေးရွာများမှ ပြည်သူများက မြို့နယ်ဆေးရုံနှင့် ကျန်းမာရေးဌာနများ၊ ဆေးကာကွယ်ပေးရေး စခန်းများသို့ သွားရောက်ရန် အခက်အခဲရှိနိုင်သည့်အတွက် နယ်လှည့်ဆေးကုသရေး အဖွဲ့မျိုးစုံဖြင့် သွားရောက် ကုသပေးရခြင်းဖြစ်ပါသည်။

တိုင်းရင်းဆေးပညာ ဦးစီးဌာနကလည်း တစ်တပ်တစ်အားအနေဖြင့် တိုင်းရင်းဆေးနှင့် အနောက်တိုင်းဆေး ကုသရေး အဖွဲ့ဝင်များပါဝင်သည့် တက်နေဝင်းထွန်း ဆေးရုံသင်္ဘောဖြင့် ပုသိမ်မြို့မှ စတင်ထွက်ခွာ၍ ငပုတောမြို့နယ်ရှိ ကျေးရွာ ၂၁ ရွာသို့ လှည့်လည်ပြီး စက်လှေ၊ လှေများကို တစ်ဆင့်အသုံးပြုကာ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းကို ဆောင်ရွက်ပေးခဲ့ကြပါသည်။

ရန်ကုန်မြို့ပေါ်ရှိ ဆေးရုံကြီးများမှ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသရေး အဖွဲ့ဝင်များသည် ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ပြည်သူ့ဆေးရုံတွင် ဆေးခန်း ဖွင့်လှစ်၍ ထိခိုက်ဒဏ်ရာရလူနာများ၊ မကျန်းမာသည့် လူနာများအား ဆေးကုသပေးခြင်းနှင့် ကူးစက်ရောဂါများ ဖြစ်ပွားကူးစက်မှုမရှိအောင် ကာကွယ်ကုသခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပါသည်။

ထို့အပြင် ကွမ်းခြံကုန်းမြို့နယ် ဆေးရုံတွင်လည်း အထူးကု ဆရာဝန်ကြီးများ ကွင်းဆင်းကုသရေးအဖွဲ့ဝင်များက ဆေးခန်း ဖွင့်လှစ်ကာ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပါသည်။ မြို့နယ်အခြေခံ ဝန်ထမ်းများပါဝင်သော ကျန်းမာရေး စောင့်ရှောက်ရေး

အထူးကုဆရာဝန်ကြီးများ
များအား ဆေးရုံအုပ်ကြီးက နှုတ်
ရွက်ပေးစဉ်။

အဖွဲ့များသည်လည်း မြို့ဆင်ခြေဖုံး ရပ်ကွက်များနှင့် ကျေးရွာများတွင် ဆေးခန်းများဖွင့်လှစ်ကာ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ရန်ကုန် ပြည်သူ့ဆေးရုံကြီး အရေးပေါ်နှင့် ပြင်ပလူနာ အထူးကုဌာနကို စုရပ်အဖြစ်ထားကာ ကွင်းဆင်းကုသရေး အဖွဲ့ဝင်များ ကွင်းဆင်းကုသရန်အတွက် ခရီးစတင်မထွက်ခွာမီအချိန်တွင် မော်တော်ယာဉ်များပေါ်၌ ဒုတိယ ညွှန်ကြားရေးမှူးချုပ် (ကုသရေး) မှာလည်း အဖွဲ့ဝင်များ လုပ်ငန်း တာဝန်လစ်ဟင်းမှု မရှိစေရန်နှင့် ခက်ခဲမှု မရှိစေရန် စီစဉ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ဆေးရုံအုပ်ကြီးကလည်း ခရီးထွက်ခွာမည့် အဖွဲ့ဝင်များအား မိခင်ကြီးတစ်ဦးသဖွယ် အားပေး

ဆေးရုံသင်္ဘောပေါ်တွင်
ပေးစဉ်။

ဆေးရုံသင်္ဘောထွက်ခွာ

တိုင်းရင်းဆေးကုသရေး တက်နေဝင်းထွန်း ဆေးရုံသင်္ဘော ပုသိမ်မြို့ဆိပ်ကမ်းမှ ထွက်ခွာစဉ်။

ထို့အပြင် ကွမ်းခြံကုန်းမြို့နယ် ဆေးရုံတွင်လည်း အထူးကု ဆရာဝန်ကြီးများ ကွင်းဆင်းကုသရေးအဖွဲ့ဝင်များက ဆေးခန်းဖွင့်လှစ်ကာ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပါသည်။ မြို့နယ် အခြေခံ ဝန်ထမ်းများပါဝင်သော ကျန်းမာရေး စောင့်ရှောက်ရေး နှုတ်ဆက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့မြင်ရာ အလွန်ပီတိ ဖြစ်မိပါသည်။

အလားတူ ရန်ကုန်တိုင်းအတွင်း ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဆေးရုံကြီးများမှ ပါမောက္ခများ ဦးဆောင်သော ကွင်းဆင်းကုသရေး အဖွဲ့ဝင်များသည်လည်း

အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသရေးအဖွဲ့ဝင်များအား ဆေးရုံအုပ်ကြီးက နှုတ်ဆက်အားပေး စီစဉ်ဆောင်ရွက်ပေးစဉ်။

အဖွဲ့များသည်လည်း မြို့ဆင်ခြေဖုံး ရပ်ကွက်များနှင့် ကျေးရွာများတွင် ဆေးခန်းများဖွင့်လှစ်ကာ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ရန်ကုန် ပြည်သူ့ဆေးရုံကြီး အရေးပေါ်နှင့် ပြင်ပလူနာ အထူးကုဌာနကို စုရပ်အဖြစ်ထားကာ ကွင်းဆင်းကုသရေး အဖွဲ့ဝင်များ ကွင်းဆင်းကုသရန်အတွက် ခရီးစတင်မထွက်ခွာမီအချိန်တွင် မော်တော်ယာဉ်များပေါ်၌ ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) မှာလည်း အဖွဲ့ဝင်များ လုပ်ငန်းတာဝန်လစ်ဟင်းမှု မရှိစေရန်နှင့် ခက်ခဲမှု မရှိစေရန် စီစဉ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ဆေးရုံအုပ်ကြီးကလည်း ခရီးထွက်ခွာမည့် အဖွဲ့ဝင်များအား မိခင်ကြီးတစ်ဦးသဖွယ် အားပေး လေဘေးဒဏ် ခံခဲ့ရသည့် ကော့မှူး၊ ကွမ်းခြံကုန်း၊ တွံတေး၊ ကျောက်တန်း၊ သုံးခွမြို့နယ်များသို့ ကွင်းဆင်းသွားရောက်ကာ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း မပြတ်စေရန် ဆောင်ရွက်ခဲ့ကြသည်။

ထို့အပြင် **ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသ မြို့နယ်များတွင် ဆေးတက္ကသိုလ်(၁) ရန်ကုန်နှင့် ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ အလုပ်သင်ဆရာဝန် ၁၀၀ ကိုလည်း သင်ကြားရေးဆရာများ ဦးဆောင်၍ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးများ၏ ကြီးကြပ်မှုဖြင့် ကျေးလက်ဒေသအရောက် ဆေးခန်းများဖွင့်ကာ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ပါဝင်အားဖြည့် ဆောင်ရွက်စေခဲ့ပါသည်။**

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဧရာဝတီတိုင်းအတွင်း ပြင်စလူမြို့နယ်အပါအဝင် ဒေသ(၁၂)ခု၌ ရှေ့တန်း ဆေးကုသရေး ဆေးခန်းများ ဖွင့်လှစ်ကုသပေးလျက်ရှိရာ ပြင်စလူဆေးကုသခန်းတွင် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့စာတန်းအပြာရောင် ချိတ်ဆွဲထားလျက်ရှိသည့် ဆေးခန်းကို နံနက်မှ ညနေအထိဖွင့်လှစ်ကာ မုန်တိုင်းဒဏ်ကြောင့် ဒဏ်ရာရလူနာများ၊ နာမကျန်းဖြစ်သူများအား မမောနိုင် မပန်းနိုင် ဆေးကုသပေးနေသည့် တာဝန်ခံဆရာဝန်နှင့် အလားတူ ပြင်ခရိုင်၊ သက်နီးကုန်း၊ စလူဆိပ်၊ သိပ္ပံကုန်းကြီး၊ လှိုင်းဘုန်း၊ ပိုးလောင်း၊ ကွင်းပေါက်၊ ကြိမ်ချောင်း၊ စက်ဆန်း၊ ကဒုံကနီ၊ ကျုံဒါး ရှေ့တန်းစခန်းများမှ ဆေးခန်းတာဝန်ခံ ဆရာဝန်တို့ကို တွေ့မြင်ရသည့်အခါ သူတို့၏စိတ်ဓာတ် မြင့်မားမှုကို အထူးလေးစား ဂုဏ်ယူမိပါသည်။

ပြည်သူ့ကျန်းမာရေးနှင့် ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းဆောင်ရွက်နေကြသည့် ဆရာဝန်ကြီးများကလည်း လေဘေးသင့် ကယ်ဆယ်ရေး စခန်းများနှင့် မြို့နယ်များ၌ ကူးစက်ရောဂါဖြစ်ပွားမှုမရှိစေရန် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ခြင်း၊ ဆေးဖျန်းခြင်း၊ ဆေးမှုတ်ခြင်း၊ သောက်သုံးရေများကို ကလိုရင်းဆေး ခတ်ပေးခြင်း၊ ယင်လုံအိမ်သာများ ဆောက်လုပ်သုံးစွဲစေခြင်း၊လေဘေးသင့်ဒေသ မြို့နယ်လုံးကျွတ် ကိုယ်ဝန်ဆောင်မိခင်များ၊ (၁၅) နှစ်အောက် ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ငါးနှစ်အောက် ကလေးများအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ အခြေခံ ကျန်းမာရေးဝန်ထမ်း တက္ကသိုလ် နောက်ဆုံးနှစ်မှ ကျန်းမာရေးမှူး သင်တန်းသား ၇၃ ဦးကလည်း ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင် ပါဝင်၍ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ကျန်းမာရေး ဝန်ကြီးဌာန ဝန်ထမ်းများနှင့်အတူ လေဘေးသင့်ဒေသနေ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ဆေးတပ် တပ်ဖွဲ့ဝင် အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ပြည်တွင်းလူမှုရေး အသင်းအဖွဲ့များ၊ နိုင်ငံတကာ လူမှုရေး အဖွဲ့အစည်းများနှင့် စေတနာရှင် ဆေးကုရေး အဖွဲ့များလည်း ကွင်းဆင်း၍ တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသည်မှာ အားရကျေနပ်ဖွယ်ကောင်းလှပါသည်။

နိုင်ငံတကာ ဆေးကုသရေး အဖွဲ့ဝင်များသည် ကျန်းမာရေး ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ကာ မြန်မာနိုင်ငံရှိ လေဘေးသင့်ဒေသနေ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို သတ်မှတ်ဒေသ အသီးသီးတွင် ဆောင်ရွက် ပံ့ပိုးပေးခဲ့ကြသည့် လူမှုရေး စွမ်းဆောင်ချက်နှင့် ကူညီမှုစိတ်ဓာတ်များကိုလည်း လေးစားမိပါသည်။

အများပြည်သူ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ကိုယ်ကျိုးစွန့်၍ အချိန်ပြည့် ဆောင်ရွက်ခဲ့ကြသည့် စခန်းအသီးသီး၌ တာဝန်ထမ်းဆောင်ခဲ့ကြသူများ၊ ဆေးရုံသင်္ဘောများဖြင့် ကုသရေး ဆောင်ရွက်ခဲ့ကြသူများ၊ ကွင်းဆင်းတာဝန် ထမ်းဆောင်ခဲ့ကြသော ကျန်းမာရေး ဝန်ထမ်းများ၏ စိတ်ဓာတ်၊ စေတနာနှင့် စွမ်းဆောင်ချက်များအား ဤဆောင်းပါးဖြင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။ ။

အထူးကု ဆရာဝန်ကြီးများအဖွဲ့အားရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်နှင့် ပြင်ပလူနာဌာနရှေ့ စုရပ်၌ ဒုတိယညွှန်ကြားရေးမှူးချုပ်က နှုတ်ဆက်စဉ်။

တိုင်း၈ ဆေးရုံသင်္ဘောဖြင့် ကျေးရွာများရှိ လေဘေးသင့် ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု ပေးစဉ်။

ဧရာဝတီတိုင်း၏ ရေမြေသဘာဝအရ မြစ်ချောင်းအင်းအိုင်ပေါသည့်အတွက် မြစ်ချောင်းနားတွင်ရှိသည့် အချို့ကျေးရွာများမှ ပြည်သူများက မြို့နယ်ဆေးရုံနှင့် ကျန်းမာရေးဌာနများ၊ ဆေးကာကွယ်ပေးရေး စခန်းများသို့ သွားရောက်ရန် အခက်အခဲရှိနိုင်သည့်အတွက် နယ်လှည့် ဆေးကုသရေး အဖွဲ့မျိုးစုံဖြင့် သွားရောက်ကုသပေးရခြင်း ဖြစ်၏။

ဆေးရုံသင်္ဘောပေါ်တွင် လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးစဉ်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မိသားစု (၁၇)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မိသားစု (၁၇)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် နေပြည်တော် ပျဉ်းမနား ပါဠိတက္ကသိုလ် မင်္ဂလာဇေယျံ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဇနီး ဒေါ်နီနီဝင်း၊ ဝန်ထမ်းမိသားစုများက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဇနီးနှင့် ဝန်ကြီးဌာနရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ အနုမောဒနာတရားနှင့် ရေစက်ချတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဝန်ကြီးနှင့် ဇနီး အမှူးပြုသော ဝန်ထမ်းမိသားစုများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ဝန်ကြီးဌာန ဝန်ထမ်း မိသားစုများ၏ တတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
(မီးသတ်ဦးစီးဌာန)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဇနီး ဒေါ်နီနီဝင်းတို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမိသားစု (၁၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် ဆရာတော်ထံ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၈

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းသည့် အလှူတော် မင်္ဂလာ အခမ်းအနားကို ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းခန်းမ(၁)၌ ကျင်းပရာ ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဇနီး၊ ပရိသတ်တို့က အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ကြပြီး နေပြည်တော်ပျဉ်းမနား စူဠာမဏိ ရန်အောင်မြင်ကျောင်း ဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြ၍ ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်ကို နာယူကြသည်။

ယင်းနောက် ဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသထံ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဇနီး ဒေါ်ဝင်းဝင်းနုတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်များထံ အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ပရိသတ်များက ဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသထံမှ အနုမောဒနာတရားနာကြားကြကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့် ဇနီး၊ တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်္ဂလာတောင်တော်ဦး ကျောင်းတိုက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

မင်္ဂလာတောင်တော်ဦး ကျောင်းတိုက်၏ တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၇ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အဆိုပါကျောင်းတိုက်၌ ကျင်းပရာ ဗဟန်းမြို့နယ် သံဃာ့ဝန်ဆောင် မင်္ဂလာတောင်တော်ဦးကျောင်းတိုက်၏ ဆရာတော် ဘဒ္ဒန္တသုဇန အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ကျောင်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဘသန်း(အငြိမ်းစား)၊ ကျောင်းအကျိုးတော်ဆောင် ဦးမောင်မောင်သစ်နှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မင်္ဂလာတောင်တော်ဦး ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုဇနထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်ချီးမြှင့်ကြသည်။

ထို့နောက် ဆရာတော် ဘဒ္ဒန္တသုဇနနှင့် သံဃာတော်များအား ပရိသတ်များက ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ယာပုံ)**

ယင်းနောက် မင်္ဂလာတောင်တော်ဦး ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုဇနက အနုမောဒနာတရား ချီးမြှင့်ပြီး ပရိသတ်များက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အောင်ဓမ္မရိပ်သာ ဝါတွင်းတရားပွဲများ

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၁၂)ရပ်ကွက် မရမ်းခြံရပ် အောင်ဓမ္မရိပ်သာ ကျောင်းတိုက်ကြီး၌ ဝါတွင်းတရားပွဲများကို ဇူလိုင် ၁၉ ရက်၊ ဩဂုတ် ၈ရက်၊ စက်တင်ဘာ ၄ ရက်နှင့် အောက်တိုဘာ ၂ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။ အရုဏ်ဆွမ်း၊ နေ့ဆွမ်း လှူဒါန်းလိုသူ စေတနာရှင်များ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြိတ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် လှည်းတန်းလမ်း အမှတ်(၆၈) မြိတ်အသင်းတိုက်၌ ရန်ကုန်မြို့ပေါ်ရှိ မြိတ်ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များအား မြိတ်အသင်း(ရန်ကုန်)၏ ပဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းနှင့် ဆွမ်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ မြိတ်သူ၊ မြိတ်သားများ ကြွရောက်ကြရန်နှင့် ဝါဆိုသင်္ကန်း၊ ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ပါဝင်လှူဒါန်းလိုသူများသည် မြိတ်အသင်း ဖုန်း- ၂၂၄၃၄၀၊ ဦးထွန်းရှိန် ဘဏ္ဍာရေးမှူး ဖုန်း- ၂၄၆၉၇၆နှင့် ဦးအေးညိမ်း ဗဟိုအလုပ်အမှုဆောင် ဖုန်း- ၃၈၂၀၈၂သို့ ကြိုတင်၍လည်းကောင်း၊ အခမ်းအနားတွင်လည်းကောင်း လှူဒါန်းနိုင်ကြောင်းသိရသည်။(က-ပ)

မုဒုံမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

မုဒုံမြို့နယ်အသင်း (ရန်ကုန်)၏ ဒသမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို (ဝါဆိုလဆန်း ၁၁ ရက်) ဇူလိုင် ၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ် (၉)ရပ်ကွက် မြစပါယ်လမ်းရှိ ပါရမီဝိဇ္ဇောတာရုံ စာသင်တိုက်၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

လှူဒါန်းပွဲတွင် ဝိဇ္ဇောတာရုံစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိဇ္ဇောတ၊ မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် မင်္ဂလာရာမ မွန်ကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကေတုမာလာတို့ အမှူးပြုသော ပင့်သံဃာတော် ၁၀ပါးတို့အား အသင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီး ကြည်ထွန်း(ငြိမ်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီး အေးကျော်(ငြိမ်း)နှင့် ဦးသာလှ၊ အတွင်းရေးမှူး ဦးအောင်လှထူးနှင့် အမှုဆောင်များ၊ အသင်းဝင်များ၊ မိသားစုဝင် အလှူရှင်များက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် ဆရာတော် ဘဒ္ဒန္တဝိဇ္ဇောတထံမှ အနုမောဒနာတရား နာယူကြကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး (မုဒုံမောင်မောင်)-ဒေါ်သန်းသန်းဦး (ဂျပန်ကားပစ္စည်းရောင်းဝယ်ရေး) မိသားစုတို့၏ မတည်လှူဒါန်းမှုဖြင့် အသင်းဝင်မိသားစုများက ပင့်သံဃာတော်များနှင့် ဝိဇ္ဇောတာရုံစာသင်တိုက်မှ စာချ စာသင် သံဃာတော် အပါး ၁၀၀ ကျော်တို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

▲ ကျောဖုံးမှ

ကြွက်ငယ်များနှင့် စမ်းသပ်အောင်မြင်ထားသော ရောဂါရှာဖွေရေး နည်းလမ်းကို လူသားများ၌ အသုံးချနိုင်မည်ဆိုပါက ဆီးကျိတ် ကင်ဆာရောဂါကို စောစီးစွာ စမ်းသပ်တွေ့ရှိနိုင်မည့် အခွင့်အလမ်းကို ရရှိမည်ဖြစ်သည်။

အကယ်၍သာ ယင်းကင်ဆာဆဲလ်ကို အခြားသော ကိုယ်အင်္ဂါများသို့ မပျံ့နှံ့မီ စောစီးစွာသိရလျှင် လူနာအတွက် ရောဂါပျောက်ကင်းမည့် အခွင့်အလမ်းမှာ များစွာကောင်းမွန်သော အနေအထားတွင်ရှိသည်ဟု ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသီ လီလျူဝူးက ပြောကြားသည်။ ၎င်းသုတေသီများ၏ တွေ့ရှိချက်ကို သဘာဝဆေးပညာဂျာနယ်တွင် ရေးသားတင်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

အားကစားဝန်ကြီးဌာန တတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၈

အားကစားဝန်ကြီးဌာန တတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ယမန်နေ့နံနက် ၅ နာရီခွဲတွင် နေပြည်တော်ရှိ ရုံးအမှတ်(၃၁)စုပေါင်းခန်းမ၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်နှင့်ဇနီး ဒေါ်အေးအေး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အားကစားဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြပြီး အစီအစဉ်အရ နေပြည်တော်ပျဉ်းမနား မဟာဝိသုတာရာမ ဥယျာဉ်စုသိမ်ကျောင်းတိုက်၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသထံမှ နဝင်္ဂသီလခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်တို့က ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ထို့နောက် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်နှင့် ဇနီး ဒေါ်အေးအေး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့က ဦးဆောင်၍ တာဝန်ရှိသူများက မဟာဝိသုတာရာမဥယျာဉ်စု သိမ်ကျောင်းတိုက် ဆရာတော်နှင့်တကွ ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မဟာဝိသုတာရာမ ဥယျာဉ်စုသိမ်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်က လှူဒါန်းမှု အစုစုတို့အတွက် အနုမောဒနာတရားနှင့် ရေစက်ချတရားချီးမြှင့်ပြီး ရေစက်သွန်းချအမျှပေးဝေကာ ဆရာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် နှင့် ဇနီး ဒေါ်အေးအေးတို့ အားကစားဝန်ကြီးဌာန တတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲဆက်လက်ကျင်းပ မွေးမြူရေးနှင့်ရေလုပ်ငန်းနှင့် အမှတ်(၁)စက်မှုတို့အနိုင်ရ

နေပြည်တော် ဇူလိုင် ၁၈

၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲကို နေပြည်တော် ဘောလုံးကွင်းနှင့် ပေါင်းလောင်းအားကစားပြိုင်ကွင်းတို့၌ ယနေ့ညနေ ၄ နာရီက ဆက်လက်ကျင်းပရာ နေပြည်တော် ဘောလုံးကွင်း၌ (က)အုပ်စုမှ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာန အသင်းကိုလည်းကောင်း၊ ပေါင်းလောင်းအားကစားကွင်း၌ (က)အုပ်စုမှ အမှတ်(၁)စက်မှုဝန်ကြီး ဌာန ဘောလုံးအသင်းက အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကိုလည်းကောင်း အနိုင်ရရှိသွားသည်။

(နေပြည်တော်ကွင်း)

မွေးမြူရေးနှင့်ရေလုပ်ငန်း လေးဂိုး
(ထွန်းဝင်း နှစ်ဂိုး၊
ရန်မျိုးအောင် တစ်ဂိုး၊
ဝင်းမင်းထွန်း တစ်ဂိုး)
ပညာရေး ဂိုးမရှိ
ဒိုင်လူကြီး ဦးသောင်းရွှေမိုး
(အဖွဲ့ချုပ်)

(ပေါင်းလောင်းကွင်း)

အမှတ်(၁)စက်မှု သုံးဂိုး
(အောင်မျိုးဝင်း တစ်ဂိုး၊ ရဲထွန်းဦး တစ်ဂိုး၊ မျိုးဇော်ဦး တစ်ဂိုး)
အမှတ်(၂)လျှပ်စစ် ဂိုးမရှိ
ဒိုင်လူကြီး ဦးသန်းဦး
(အဖွဲ့ချုပ်)

ပြိုင်ပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ အားကစားဝန်ကြီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ နေပြည်တော်ရှိ ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ အားကစားဝါသနာရှင်များ တက်ရောက်အားပေးခဲ့ကြသည်။

၂၁-၇-၂၀၀၈

(နေပြည်တော်ကွင်း)

အလုပ်သမားနှင့် ယဉ်ကျေးမှု

(ပေါင်းလောင်းကွင်း)

တရားရုံးချုပ်နှင့်
အမှတ်(၁)လျှပ်စစ်

(၁၀၇)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၇-၂၀၀၈ (စနေနေ့)

AM & PM	
၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ဘုရားပွင့်လာရခြင်း"တရားတော် အပိုင်း(၇)(ဆရာတော် အရှင်ပုညာနန္ဒ)
၈း၀၅ - ၂း၀၅	ကြည်ညိုသဒ္ဓါပွားများစရာ ကျိုက်သုတ်စေတီတော်မှာ
၈း၂၀ - ၂း၂၀	တေးဂီတအစီအစဉ်
၈း၂၅ - ၂း၂၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၅၀ - ၂း၅၀	ဥမင်တူးမြောင်းဆက်သွယ်ကောင်း ရေပေးရေကူစံနမူ စိုက်ပျိုးရေးအတွက်ဖေးမကူ
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	"လောကုတ္တရာနှင့်သွားမှ နိဗ္ဗာန်စံရ" တရားတော် (ဒေါက်တာချစ်ငယ် (ဒသန) Ph.D)
၉း၄၀ - ၃း၄၀	Shopping Guide (စိန်ဂေဟာ အားကစားပစ္စည်း အရောင်းဆိုင်)
၁၀း၀၅ - ၄း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၀ - ၄း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅ - ၄း၁၅	ဟူးကောင်းကျားများ တည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
၁၀း၃၀ - ၄း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅ - ၄း၃၅	မင်းကွန်းရိုးရာ လက်မှုပညာ
၁၀း၅၀ - ၄း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅ - ၄း၅၅	စိတ်၏စွမ်းအား Aikido အားကစား
၁၁း၁၀ - ၅း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀ - ၅း၂၀	စက္ကူလွှင့်လွှင့် ပန်းယဉ်ယဉ်အလှဆင်စေချင်
၁၁း၃၀ - ၅း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅ - ၅း၃၅	တစ်ပတ်အတွင်း အားကစားသတင်း
၁၁း၅၀ - ၅း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅ - ၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀ - ၆း၀၀	ကလေးများအတွက် ပါးစပ်ထဲမှသွားကလေးများအကြောင်း သိကောင်းစရာ (ဒေါက်တာမိုလာ)
၁၂း၁၅ - ၆း၁၅	နိုင်ငံတကာအနုပညာရေးရာ
၁၂း၃၅ - ၆း၃၅	ဆုံးရှုံးမှုများမှသည် ဘက်စုံထူထောင်ရေးလုပ်ငန်းများဆီသို့ (တွံတေးမြို့နယ်နှင့် ကော့မှူးမြို့နယ်ရှိ စေတီတော်သုံးဆူအား ထီးတော်တင်လှူပွဲ)
၁၂း၄၅ - ၆း၄၅	တေးဂီတအစီအစဉ်
၁၂း၅၀ - ၆း၅၀	ထူးထူးခြားခြားရာသီဥတုဖြစ်စဉ်များ
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြစ်ရေကြီးမှုအခြေအနေ

ရန်ကုန် ဇူလိုင် ၁၈

ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့၌ ယမန်နေ့မွန်းလွဲပိုင်းမှစ၍ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းသွားပြီး ဖြစ်သည်။

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့၌ စိုးရိမ်ရေမှတ်အထက် ၃၇ စင်တီမီတာ(၁ ဒသမ ၂)ပေခန့် ကျော်လွန်နေသော်လည်း အဆိုပါမြစ်ရေသည် ဆက်လက်မြင့်တက်ခြင်း မရှိတော့ဘဲ နောက် ၁၂ နာရီအတွင်း လက်ရှိရေအမှတ်မှ စတင်ကျဆင်းပြီး ယနေ့မွန်းလွဲပိုင်းမှစ၍ နောက်(၃)ရက်အတွင်း ဟင်္သာတမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာ အောက်သို့ ကျဆင်းမည်ဟု ခန့်မှန်းထားသည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့၌ စိုးရိမ်ရေမှတ်အထက်တွင် ၁၁ စင်တီမီတာ(၀ ဒသမ ၄)ပေခန့်ရှိနေပြီး နောက်(၃)ရက်အတွင်း မဒေါက်မြို့၏ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာအောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့်ရန်ကုန်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းမိသားစုတို့ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အား အမှူးထား၍ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ရန်ကုန်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တို့မှ ဝန်ထမ်းမိသားစုများ၏ ကောဒသမ အကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၇ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက် ရန်ကြီးအောင်လမ်းရှိ နန်းဦးပညာသင်ကြားရေးနှင့် တိုင်းရင်းသား လူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်းတိုက်၌ ကျင်းပရာ ရှေးဦးစွာ အဆိုပါ ကျောင်းတိုက် ပဓာန နာယကဆရာတော် ဓမ္မာစရိယ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဓမ္မသေဌထံမှ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် ဝန်ထမ်းမိသားစုများကကိုးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ က ရွတ်ပွားသရဇ္ဈာယ်တော်မူကြသော မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် ဇနီးဒေါ်ခွဲခွဲနှင့် ဝန်ထမ်း မိသားစုများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဓမ္မသေဌက သာဓုအနုမောဒနာတရား ဟောကြား ချီးမြှင့်တော်မူပြီး ဝန်ထမ်းမိသားစုများက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ရန်ကုန်တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ ဝန်ထမ်းမိသားစုများ၏ ကောဒသမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် ဝန်ထမ်းမိသားစုများ ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (ပြန်/ဆက်)

မြန်မာလိဂ်အဆင့်မြင့်တန်း ကွင်းပိတ် အကြိုဗိုလ်လုပွဲ ဘဏ္ဍာ/အခွန်နှင့် စီးပွား/ကူးသန်းတို့ အနိုင်ရရှိ

ရန်ကုန် ဇူလိုင် ၁၈

၂၀၀၇-၂၀၀၈ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း ကွင်းပိတ် ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့ ညနေ ၃နာရီခွဲက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့၌ ကျင်းပရာ ဘဏ္ဍာ/အခွန်အသင်းနှင့် လက်ရှိချန်ပီယံ စီးပွား/ကူးသန်း အသင်းတို့ အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

(သုဝဏ္ဏကွင်း)

ဘဏ္ဍာ/အခွန်အသင်း - သုံးဂိုး
(ရန်ပိုင်၊ စိုးမြတ်မင်းနှင့်ကျော်သူရ)
ပြည်ထဲရေးအသင်း - နှစ်ဂိုး
(နေလင်းထွန်းနှင့် စည်သူဝင်း)
ဒိုင်လူကြီး - ဦးစိုးမိုးကျော်

(အောင်ဆန်းကွင်း)

စီးပွား/ကူးသန်း - နှစ်ဂိုး
(ရာဇာဝင်းသိန်းနှင့် ကျော်ဇင်ဝင်း)
Royal Eleven - ဂိုးမရှိ

ဗိုလ်လုပွဲကို ဇူလိုင် ၂၂ ရက်တွင် အောင်ဆန်း အားကစားပြိုင်ဝင်း၌ ကျင်းပမည်ဖြစ်ရာ လက်ရှိချန်ပီယံ စီးပွား/ကူးသန်းအသင်း နှင့် ဘဏ္ဍာ/အခွန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(ကြေးမုံ)

အီရန်က အမေရိကန်နှင့်ဆွေးနွေးရန် အသင့်ရှိကြောင်း ပြောကြား

တီဟီရန် ဇူလိုင် ၁၇

အီရန်နိုင်ငံအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ ဂိုလန်ဟိုစိန်အယ်လ်ဟန်က တီဟီရန်သည် အမေရိကန်ပြည်ထောင်စု အပါအဝင် အခြားနိုင်ငံများနှင့် ဆွေးနွေးရန် အသင့်ရှိနေကြောင်း ဇူလိုင် ၁၅ ရက်က ပြောကြားခဲ့သည်ဟု အီရန်ရုပ်မြင်သံကြားမှ ထုတ်လွှင့်သွားသည်။

အီရန်နိုင်ငံသည် အခြားနိုင်ငံများနှင့်ဆွေးနွေးရန် အဆင်သင့်ရှိသည်။ သို့သော် ဤသို့ဆန္ဒရှိခြင်းကို မဖြစ်မနေဆွေးနွေးရမည့် အခြေအနေသို့ရောက်ရှိနေ၍ ဆွေးနွေးရသည်ဟု အဓိပ္ပာယ်မဖွင့်ဆိုရန် အယ်လ်ဟန်က ပြောကြားသည်။ ဝါရှင်တန်နှင့် တိုက်ရိုက်ဆွေးနွေးခြင်းသည် သင့်လျော်သော အချိန်ကျလာလျှင် ဖြစ်လာလိမ့်မည်ဟု ၎င်းကဆိုသည်။

တစ်ဖက်သတ်ဆွေးနွေးခြင်းနှင့် ဖိအားပေးခြင်းစသည့် အပြုအမူများ ပြုလုပ်သည့်ခေတ်မှာ ကုန်ဆုံးသွားပြီဖြစ်သည်။ အဆိုပါပုံစံမျိုးနှင့် အီရန်ကဲ့သို့သော အင်အားကြီးနိုင်ငံကို ဆွေးနွေး၍မရနိုင်ဟု အယ်လ်ဟန်က ထပ်မံပြောကြားသွားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့ အနောက်တောင်ဘက် ဟာရတ်ပြည်နယ် အင်ဂျယ်ခရိုင်ရှိ စစ်ဆေးရေးဂိတ်၌ ရဲတပ်ဖွဲ့ဝင်များက ခရီးသွားများအား ရှာဖွေစစ်ဆေးနေသည်ကို ဇူလိုင် ၁၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဟောင်ကောင်လေဆိပ်၌ ကိုကင်း ၁၃ ကီလို ဖမ်းမိ

ဟောင်ကောင် ဇူလိုင် ၁၈

ဟောင်ကောင်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဇူလိုင် ၁၂ ရက်က ဟောင်ကောင်ဒေါ်လာ ၁၁ သန်းခန့် တန်ဖိုးရှိ ကိုကင်း ၁၃ကီလိုအား သိမ်းဆည်းရမိကြောင်း ဟောင်ကောင်ရဲတပ်ဖွဲ့က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

မူးယစ်ဆေးဝါးများကို ဟောင်ကောင်သို့ ခိုးသွင်းရန် နိုင်ငံစုံဆည့်လမ်းညွှန်များကို အသုံးချပြီး ဆေးဝါးကုန်ကူးနေသည့် အဖွဲ့၏ လှုပ်ရှားမှုကို ဟောင်ကောင်ရဲတပ်ဖွဲ့ မူးယစ်ဆေးဝါး နှိမ်နင်းရေးဗျူရိုက အနီးကပ်စောင့်ကြည့် ထောက်လှမ်းခဲ့သည်။ ယင်းဗျူရိုမှ တာဝန်ရှိသူများက ဇူလိုင် ၁၂ရက် ညပိုင်းတွင် ဟောင်ကောင်လေဆိပ်၌ အသက် ၂၆ နှစ်နှင့် ၅၁နှစ်ရှိ ဟောင်ကောင်သားတစ်ဦးနှင့် အမေရိကန်နိုင်ငံသားတစ်ဦးတို့အား ၎င်းတို့ယူလာသော ကိုကင်း ၁၃ကီလိုခန့်နှင့်အတူ ဖမ်းဆီးရမိလိုက်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတကာ သတင်းများ

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုမြို့တွင် ကျင်းပသည့် သစ်ပင်စိုက်ပျိုးရေးနေ့အခမ်းအနား၌ သစ်ပင်စိုက်ပျိုးရေး နှိုးဆော်တိုက်တွန်းနေသူများအား ဇူလိုင် ၁၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဖဂန်နစ္စတန်၌ လမ်းဘေးဗုံးပေါက်ကွဲ
လုံခြုံရေး အစောင့်အကြပ် ခြောက်ဦးသေဆုံး

ကဘူး ဇူလိုင် ၁၈

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟဲလ်မန့်ပြည်နယ်တွင် ဇူလိုင် ၁၃ရက် ညနေပိုင်းက လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်နိုင်ငံ၏ ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီ (ယူအက်စ်ပီအိုင်)နှင့်အတူ အာဖဂန်လုံခြုံရေး အစောင့်အကြပ်ခြောက်ဦး သေဆုံးမှုဖြစ်ပွားချိန်နှင့် တစ်ချိန်တည်းမှာပင် ဟဲလ်မန့်ပြည်နယ်ရှိ အခြားခရိုင် တစ်ခုတွင်ရဲတပ်ဖွဲ့နှင့် တိုက်ခိုက်မှုဖြစ်ပွားခြင်းကြောင့် တာလီဘန်သောင်းကျန်း သူများသေဆုံးခဲ့ကြောင်းတနင်္လာနေ့တွင် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယူအက်စ်ပီအိုင်ယာဉ်တန်းသည် ဂါရက်စ်ခရိုင်သို့ သွားရာလမ်းတွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အစောင့်အကြပ် ခြောက်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ ဒဏ်ရာရရှိသူအားလုံးသည် အာဖဂန်လူမျိုးများဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ယင်းသို့ဖြစ်ပွားနေချိန်တွင် မာဂျာခရိုင်၌ တာလီဘန်စစ်သွေးကြွ ၃၀ ခန့်က ရဲတပ်ဖွဲ့ဝင် ငါးဦးရှိသည့် ကင်းစခန်းတစ်ခုကို တိုက်ခိုက်ခဲ့သည်။

တနင်္ဂနွေနေ့ ညနေပိုင်းမှ တနင်္လာနေ့ နံနက်ပိုင်းထိ တိုက်ခိုက်မှု ပြင်းထန်စွာ ဖြစ်ပွားရာ သောင်းကျန်းသူများ သေကျေဒဏ်ရာရရှိမှု များပြားကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူးက ပြောကြားသည်။ သို့ရာတွင် တာလီဘန် သောင်းကျန်းသူ သေကျေဒဏ်ရာရရှိမှု အရေအတွက် အတိအကျကိုမူ ၎င်းက ပြောကြားခြင်းမရှိချေ။ အခင်းဖြစ်ပွားမှုတွင် ရဲတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိကြောင်းကိုသာ ထည့်သွင်းပြောကြားသွားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ယူကရိန်း၌ ၁၆ နိုင်ငံ ပူးပေါင်းစစ်ရေး လေ့ကျင့်

ကီယက်ဗ် ဇူလိုင် ၁၈

နိုင်ငံတကာငြိမ်းချမ်းမှု ထိန်းသိမ်းရေးကို လက်တွေ့လုပ်ဆောင်ရန် ရည်ရွယ်ပြီး ၁၆ နိုင်ငံ ပူးပေါင်း၍ စစ်ရေးလေ့ကျင့်မှုများကို ဇူလိုင် ၁၄ ရက်က စတင်ခဲ့ကြောင်း ယူကရိန်းနိုင်ငံ ကာကွယ်ဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ “ပင်လယ်ပျော်-၂၀၀၈” စစ်ရေးလေ့ကျင့်မှုတွင် ယူကရိန်း၊ အမေရိကန်၊ အာမေးနီးယား၊ အဇာဘိုင်ဂျန်၊ ဘယ်လ်ဂျီယံ၊ ဗြိတိန်၊ ကနေဒါ၊ ဒိန်းမတ်၊ ပြင်သစ်၊ ဂျော်ဂျီယာ၊ ဂျာမနီ၊ ဂရိ၊ လတ်ဗီးယား၊ မက်ဆီဒိုးနီးယား၊ လစ်သူယေးနီးယားနှင့် တူရကီနိုင်ငံတို့မှ တပ်ဖွဲ့ဝင်ထောင်ပေါင်းများစွာ ပါဝင်ကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီတလီတောင်ပိုင်းပင်လယ်ပြင်၌ ရေယာဉ်နစ်မြုပ် တရားမဝင် ဝင်ရောက်သူ သုံးဦးသေဆုံး၊ ၂၀ ပျောက်ဆုံးနေ

ရောမ ဇူလိုင် ၁၈

အီတလီနိုင်ငံတောင်ပိုင်း ပင်လယ်ပြင်တွင် ဇူလိုင် ၁၄ ရက်က လှိုင်းကြီးခြင်းကြောင့် ရေယာဉ်တစ်စင်းနစ်မြုပ်ရာ တရားမဝင် ဝင်ရောက်သူ သုံးဦးသေဆုံးပြီး ၂၀ ကျော် ပျောက်ဆုံးနေကြောင်း အီတလီရေတပ်က ပြောကြားသည်။

တရားမဝင်

အမျိုးသမီးနှင့်ကလေးများ အပါအဝင် ၇၀ ခန့် တင်ဆောင်လာသည့် ဝမ်းပြားရေယာဉ်ဖြင့် အမြင့် သုံးမီတာရှိသည့် လှိုင်းလုံးကြီးများ ဖြစ်ပေါ်နေသော မြေထဲပင်လယ်အတွင်း ဖြတ်သန်း၍ အာဖရိကမှ ဥရောပသို့ တရားမဝင် ဝင်ရောက်ရန် ကြိုးစားစဉ် လှေနစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

အီတလီနိုင်ငံတောင်ဘက်ရှိ လမ်ပီဒူဆာကျွန်းငယ်မှ ၇၅ မိုင်ခန့်အကွာ၌ ၄၈ ဦးကို ကယ်တင်နိုင်ခဲ့ပြီး သေဆုံးသူသုံးဦး၏ အလောင်းကို ရှာဖွေတွေ့ရှိကြောင်း ရေတပ်က ပြောကြားသည်။

လမ်ပီဒူဆာကျွန်း အရှေ့တောင်ဘက် မိုင် ၅၀ နှင့် ၇၀ အကြား မော်လ်တာကျွန်းရေပြင်တွင် အခြားသင်္ဘောနှစ်စင်းကို ကယ်တင်ခဲ့သည်။ အီတလီနှင့် မော်လ်တာအာဏာပိုင်များက ပြုလုပ်သော အဆိုပါစစ်ဆင်ရေးတွင် လူ ၄၅၀ ကို ကယ်တင်နိုင်ခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အကြီးဆုံးရေနံချက်စက်ရုံ တည်ဆောက်ရန် အီကွေဒေါနှင့် ဗင်နီဇွဲလားသမ္မတတို့ လက်မှတ်ရေးထိုး

ကွီတို ဇူလိုင် ၁၇

တောင်အမေရိကနိုင်ငံ ပစိဖိတ်ဒေသကမ်းရိုးတန်းတွင် အကြီးဆုံးရေနံချက်စက်ရုံ ပူးပေါင်းတည်ဆောက်ရန် အီကွေဒေါနိုင်ငံ သမ္မတ ရက်ဖီလ်ကော်ရီရာနှင့် ဗင်နီဇွဲလားနိုင်ငံသမ္မတ ဟူဂိုချာဗက်တို့ ဇူလိုင် ၁၇ရက်က သဘောတူလက်မှတ် ရေးထိုးခဲ့သည်။

အီကွေဒေါနိုင်ငံ မာနာဘီပြည်နယ် အယ်အာရိုမိုကမ်းရိုးတန်းတွင် တည်ဆောက်မည့် ရေနံချက်စက်ရုံကို ၂၀၁၃ ခုနှစ်၌ စတင်လည်ပတ်နိုင်မည်ဟု မျှော်မှန်းထားသည်။ ယင်းစက်ရုံ၌ တစ်ရက်လျှင် ရေနံစည်ပမာဏ ၃၀၀၀၀၀ ချက်လုပ်နိုင်မည်ဖြစ်သည်။

စက်ရုံတွင် ရေနံမှ ဓာတ်ဆီ၊ ဒီဇယ်ဆီနှင့် ဓာတ်ငွေ့ရည်တို့ကို ထုတ်လုပ်နိုင်ပြီး ဓာတ်မြေသြဇာ၊ ပလတ်စတစ်နှင့် ပီနံအိတ်ခွံများလည်း ထုတ်လုပ်ပေးမည်ဖြစ်သည်။

ယင်းစက်ရုံဆောက်လုပ်မှုအတွက် ရင်းနှီးမြှုပ်နှံငွေ အမေရိကန်ဒေါ်လာ သန်း ၃၀ ကုန်ကျမည်ဟု ခန့်မှန်းထားသည်။

ဗင်နီဇွဲလားနိုင်ငံ၏ ပီဒီဗီအက်စ်အေ ရေနံကုမ္ပဏီနှင့် အီကွေဒေါနိုင်ငံ ရေနံကုမ္ပဏီတို့က စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၆ ဒသမ ၆ သန်းကို မတည်မည် သို့မဟုတ် ၎င်းတို့က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စျေးကွက်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း နှစ်နိုင်ငံစလုံးက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂျာမနီနိုင်ငံ ရှကောလ်ဟော့ဇ်ရှကူကန်ဘရုခ်ရှိ တိရစ္ဆာန်ရုံတွင် မိခင်ခြင်္သေ့ဖြူကြီးမှ မွေးဖွားသော ခြင်္သေ့ဖြူကလေးသုံးကောင်ကို ဇူလိုင် ၁၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

Happy Birthday
အောင်မင်းမြတ် (ခ) Zu Zue
(၁၀) နှစ်ပြည့် မွေးနေ့ဆုတောင်း

၂၀၀၈ ခုနှစ်၊ ဇူလိုင် (၁၉)ရက်နေ့တွင် ကျရောက်သော သားကြီး **အောင်မင်းမြတ် (ခ) Zu Zue** ၏ (၁၀)နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နှစ်ပေါင်းများစွာတိုင် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပြီး ဖေဖေ၊ မေမေ၊ ညီလေးတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့သောဘဝကို ပိုင်ဆိုင်နိုင်ပါစေ။

နှစ်ဖက်သော ဘိုးဘိုးဘွားဘွားများနှင့်
ချစ်ဖေဖေ ဦးဇင်မြင့် ချစ်မေမေ ဒေါ်သီတာထွန်း
ချစ်ညီလတ် မိုးဟိန်းကျော် (ခ) Pooke
ချစ်ညီငယ် ဆက်ဝေပိုင် (ခ) Thar Pauk

ရန်ကုန်မြို့ မီးအိမ်ရှင်စာအုပ်တိုက်ပိုင်ရှင် ဆရာဝန်စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး (ဆေးတက္ကသိုလ်)က နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)မှ သင်ကြားစီမံဆရာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏရန်ကုန်သစ်ရပ်ကွက် ဘုရင့်နောင်ကမ်းနားလမ်း စံရိပ်ငြိမ်ကျောင်းတိုက်၌ ဆောက်လုပ်လှူဒါန်းမည့် အနန္တဂုဏ်ရည် သိမ်တော်မြတ်အတွက် ပုဇွန်တောင်ရေကျော် ခေါင်ရမ်းလမ်းနေ ကွယ်လွန်သူ မနှင်းယုဝေ သုံးနှစ်ပြည့်အတွက်ရည်စူး၍ ဦးအောင်မိုး-ဒေါ်သန်းမြင့်၊ ဦးဇော်ဇော်မင်း-ဒေါ်မင်းမင်းဝိုင်းထက်၊ ဦးကျော်ကျော်မင်း-ဒေါ်ချိုသွယ်စိုး မိသားစုတို့က သိမ်တော်မြတ်အတွက် အလှူငွေကျပ် တစ်သိန်းကို အရှင်သောဘိတထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာနိုင်ငံဆရာဝန်အသင်း ဗဟိုဦးစီးအဖွဲ့ ဒုတိယအကြိမ် အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၈

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဗဟိုဦးစီးအဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးကို ဇူလိုင် ၂၆ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် အမှတ်-(၂၄၉)၊ သိမ်ဖြူလမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့ ရှိမြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်ရာ ပြည်နယ်နှင့်တိုင်းများမှ ဗဟိုဦးစီးအဖွဲ့ဝင်များ မပျက်မကွက် တက်ရောက်ကြရန်ဖိတ်ကြားထားသည်။ (ကျန်းမာရေး)

လူပျောက်ကြော်ငြာ

အဖ ဦးအေးအောင် ၏သားဖြစ်သူ မောင်သီဟအေးအောင်သည် ၁၇-၇-၂၀၀၈ ရက် နံနက် ၉နာရီတွင် နေအိမ်မှထွက်ခွာသွားရာမှ ပြန်မရောက်လာပါသဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာအတိုင်း အကြောင်းကြားပေးပါရန်။ သွေးဆောင်ခေါ်ယူထားပါက တရားဥပဒေအရ အရေးယူခံရမည်။ **ဦးအေးအောင် (ဖုန်း-၇၂၅၈၀၅)**

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
မင်နှင့် ပုံနှိပ်ရေးပစ္စည်းများ ဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အောက်ဖော်ပြပါ မင်နှင့် ပုံနှိပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ယှဉ်တွဲပါအရေအတွက်များအတိုင်း ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမည်	အရေအတွက်
1	Web Offset Ink (Black)	25000 Kg
2	Sheetfed Offset Ink(Black)	3500 Kg
3	P.S Negative Plate 889x586x0.3mm	5000 Shts
4	Wipe On Aluminium Plate 745x635x0.24 mm	1500 Shts
5	P.S Negative Developer	360 Litres
6	Coating A+B set	180 Sets
7	Developing Lacquer	180 Litres
8	Ortho Film(Sheet)(22"x32") (50 Shts/Box)	300 Boxes
9	Film Developer(10 Lit/Bot)	200 Bots
10	Film Fixer(5 Lit/Box)	100 Bots

၂။ တင်ဒါပေးသွင်းမှုကို ၃၀-၇-၂၀၀၈ ရက် ၁၆း၃၀ တွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်း
အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၃၆၀၂၉

မွေးယစ်
ကင်းစင်
အလှဆင်

လှူထု
သံပန်း၊သံတံခါး
ပေါင်တံခါး
၁၄၊ ၁၆ရ လမ်း၊ တာမွေ
ဖုန်း-၅၄၁၇၂၂၊၀၉၅၀၁၁၀၇

ရတနာမဥ္ဇူဓမ္မရိပ်သာ သီလရှင်တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၈

မရမ်းကုန်းမြို့နယ် သမိုင်း (၁)ရပ်ကွက်(၂)လမ်းရှိရတနာမဥ္ဇူဓမ္မရိပ်သာ၌ လယ်တီမူအနာဂါမ် ဆရာသက်ကြီး၏ ဝိပဿနာရှုနည်းဖြင့် ကမ္မဋ္ဌာနာစရိယဆရာတော် အရှင်ဇေယျာနန္ဒ(ပုဂံ) ဦးဆောင်၍ မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်းနှင့် တပည့်များက ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၁ ရက် အထိ သီလရှင်များအား ဝိပဿနာရှုနည်းကို ပို့ချမည်ဖြစ်ရာ တရားစခန်းဝင်လိုသော သီလရှင်များသည် ဇူလိုင် ၂၂ ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ အထက်ပါကျောင်းတိုက် ဖုန်း-၆၆၃၈၀၂ နှင့် ဖုန်း-၀၉၅၁၉၇၀၂၇ တို့သို့ စာရင်းပေးသွင်းနိုင်ပြီး တစ်နေ့တာဆွမ်း လှူဒါန်းလိုသူများသည် သီလရှင်အပါး ၁၀၀ အတွက် အရုဏ်ဆွမ်း ငွေကျပ် ၄၀၀၀၀၊ နေ့ဆွမ်း ငွေကျပ် ၆၀၀၀၀ နှင့် ဖျော်ရည်ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ၂၀၀၈-၂၀၀၉ခု ပညာသင်နှစ် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ဇူလိုင် ၁၈ ရက်က အဆိုပါကျောင်း ဒဂုံသီရိခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဒေါက်တာအောင်ကိုကို နှင့် ဆရာ၊ ဆရာမများ၊ ဧည့်ပရိသတ်များက ဆရာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (က-ပ)

အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊လှိုင်သာယာမြို့နယ်၊ ပဒေသာပင်မြို့တော်၊ အမှတ်(ဂျီ- ၁၁)၊ အေးသာယာလမ်းနေ ဦးမင်းသိန်း (၁၂/ဗတထ (နိုင်) ၀၁၁၀ရ၉)၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

၁။ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ပဒေသာပင်မြို့တော်၊ အေးသာယာလမ်း၊ အမှတ် (G–၁၁)၊ ဟုခေါ်တွင်သောဂရန်မြေနှင့် အဆောက်အအုံ၊ တယ်လီဖုန်း အပါအဝင်၊ ၎င်းတို့နှင့်ဆက်နွယ်သည့် အကျိုးခံစားခွင့် အရပ်ရပ်အပါအဝင်။

၂။ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ပဒေသာပင်မြို့တော်၊ အေးသာယာလမ်း၊ အမှတ် (K–၆၈)၊ ဟုခေါ်တွင်သောမြေကွက်နှင့်ဆက်နွယ်သော အကျိုးခံစားခွင့် အရပ်ရပ်တို့နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းသိန်း၏ ခွင့်ပြုချက်၊ သဘောတူညီချက်ရယူခြင်းမရှိဘဲ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အာမခံပစ္စည်းအဖြစ်ထားရှိခြင်း၊ အခြားနည်းစီမံခြင်းတို့ကို မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ပြီး ပြုလုပ်သူတို့အားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမင်းသိန်း၏လွှဲအပ်ညွှန်ကြားချက်နှင့်အညီ ကြေညာအပ်ပါသည်။

ဒေါ်မိမိလှိုင် (LL.B)
တရားရုံးချုပ်ရှေ့နေ၊ စဉ်-၅၃၅၄
အမှတ်-၉/၁၁၊ အခန်း(၃/က)၊ ၃၆-လမ်းအောက်၊ မြေညီထပ်၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

"၂၅နှစ်မြောက် ငွေရတုမင်္ဂလာဆုတောင်း"

ချစ်ဖေဖေ **ဦးဝင်းဦး** - ချစ်မေမေ **ဒေါ်တင်တင်မော်** တို့၏ ၁၉-၇-၂၀၀၈**(အာဇာနည်နေ့)**တွင် ကျရောက်သည့် (၂၅)နှစ်မြောက် "ငွေရတုမင်္ဂလာ" ရက်မြတ်မှသည် ရွှေရတု၊ စိန်ရတု တိုင်သို့ ချစ်သောသားများနှင့်အတူ နှစ်ပေါင်း "၁၂၀"တိုင် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် လျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက် . .

ချစ်သားကြီး - ဗိုလ်မောင်မောင်ဦး B.E (Mechatonics) D.S.T.A
ချစ်သားလတ် - မောင်အောင်သူ (1st Year Geography)
ချစ်သားငယ် - မောင်ကျော်ဖြိုးအောင် (Grade - II)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
B.Tech ဝင်ခွင့်အရည်အချင်းစစ်အတွက် အသက်ကန့်သတ်ချက်အား ပြန်လည်ပြင်ဆင်ခြင်း

(က) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်/ကောလိပ်/ သိပ္ပံများတွင် B.Tech ဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲကို ၂၀၀၈ ခုနှစ် ဇူလိုင်လ ၂၇ရက်(တနင်္ဂနွေနေ့)၌ ကျင်းပမည်ဖြစ်ကြောင်း ၄-၇-၂၀၀၈ ရက်နေ့မှ ၆-၇-၂၀၀၈ ရက်နေ့ထုတ် သတင်းစာများတွင် ကြေညာပြီးဖြစ်ပါသည်။

(ခ) အဆိုပါ ကြေညာချက် အပိုဒ်(ခ)ရှိ ဖြေဆိုခွင့်ပြုမည့် ကျောင်းသား/ကျောင်းသူများ၏ အသက်ကန့်သတ်ချက်အား ၁-၁-၂၀၀၈ရက်နေ့တွင် အသက်(၂၄)နှစ်ထက် မကြီးသူဖြစ်ရမည်ဟု ပြင်ဆင်သတ်မှတ်ပါသည်။

(ဂ) အသေးစိတ် အချက်အလက်များသိလိုလျှင် စက်မှုနှင့် သက်မွေးပညာဦးစီးဌာန(ရုံးချုပ်)၊ ဖုန်း-၀၆၇-၄၀၄၀၁၉/၄၀၄၀၂၀၊ ရန်ကုန်(ရုံးခွဲ) ဖုန်း-၀၁-၅၄၃၃၃၆/၅၄၃၃၃၇နှင့် နီးစပ်ရာနည်းပညာတက္ကသိုလ်/ကောလိပ်/သိပ္ပံကျောင်းများ၌ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **စက်မှုနှင့်သက်မွေးပညာဦးစီးဌာန**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
B.E ဝင်ခွင့်အရည်အချင်းစစ်အတွက် အသက်ကန့်သတ်ချက်အား ပြန်လည်ပြင်ဆင်ခြင်း

(က) သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်/ ကောလိပ်/ သိပ္ပံများတွင် B.E ဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲကို ၂၀၀၈ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်(တနင်္ဂနွေနေ့)၌ ကျင်းပမည်ဖြစ်ကြောင်း ၄-၇-၂၀၀၈ ရက်နေ့မှ ၆-၇-၂၀၀၈ ရက်နေ့ထုတ် သတင်းစာများတွင် ကြေညာပြီးဖြစ်ပါသည်။

(ခ) အဆိုပါကြေညာချက် အပိုဒ်(က)ရှိ ဖြေဆိုခွင့်ပြုမည့် ကျောင်းသား/ကျောင်းသူများ၏ အသက်ကန့်သတ်ချက်အား ၁-၁-၂၀၀၈ ရက်နေ့တွင် အသက်(၂၇)နှစ်ထက်မကြီးသူဖြစ်ရမည်ဟု ပြင်ဆင်သတ်မှတ်ပါသည်။

(ဂ) အသေးစိတ်အချက်အလက်များသိလိုလျှင် စက်မှုနှင့် သက်မွေးပညာဦးစီးဌာန(ရုံးချုပ်)၊ ဖုန်း-၀၆၇-၄၀၄၀၁၉/၄၀၄၀၂၀၊ ရန်ကုန်(ရုံးခွဲ) ဖုန်း-၀၁-၅၄၃၃၃၆/၅၄၃၃၃၇ နှင့် နီးစပ်ရာနည်းပညာတက္ကသိုလ်/ကောလိပ်/သိပ္ပံ ကျောင်းများ၌ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **စက်မှုနှင့်သက်မွေးပညာဦးစီးဌာန**

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗဟိုစည်အိမ်ရာ၊ တိုက်အမှတ်(၁၇/၁၈) ရှိ "SHWE THAZIN COMPANY LIMITED"မှ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များကို ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်-၄၀၉၇/၀၈၊ ၄၀၉၈/၀၈နှင့် ၄၀၉၉ /၀၈ တို့ဖြင့် မှတ်ပုံတင်ထားရှိပြီး ဖြစ်ပါသည်-

B-WIN

မှတ်ပုံတင်အမှတ် (၄၀၉၇ /၀၈)

FORMULA ONE

မှတ်ပုံတင်အမှတ် (၄၀၉၈ /၀၈)

B-ONE

မှတ်ပုံတင်အမှတ် (၄၀၉၉ / ၀၈)

SHWE THAZIN COMPANY LIMITED သည် အထက်ဖော်ပြပါ မှတ်ပုံတင်ထားသည့် ဒီဇိုင်းပုံသဏ္ဌာန်ပါ ဆပ်ပြာ၊ ဆပ်ပြာရည်၊ ဆပ်ပြာမှုန့်၊ ဆပ်ပြာကရင်မ်၊ ကိုယ်တိုက်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာရည်၊ ရေချိုးဆပ်ပြာရည်၊ ပန်းကန်ဆေးရည်၊ အိမ်သာသုံးဆပ်ပြာရည်၊ ဆပ်ပြာအမျိုးမျိုး၊ ဆပ်ပြာရည်အမျိုးမျိုး၊ Hair Treament၊ Hair Conditioner၊ ခေါင်းလျှော်ရည်၊ ဆံပင်ပေါင်းတင်ဆေး၊ ဆံပင်ပျော့ဆေး၊ ဆံပင်သန်ဆေး၊ ဆံပင်ဆိုးဆေး၊ ဆံပင်အားတိုးဆေး၊ ဖောက်ပျောက်ဆေး၊ ခေါင်းလိမ်း ဆီ၊ မျက်တောင်ကော့ဆေး၊ မျက်ရစ်ဖော်ဆေး၊ Eye Shadow၊ နှုတ်ခမ်းဆိုးဆေး၊ နှုတ်ခမ်းပုံဖော်ဆေး၊ ချွေးပေါက်ကျဉ်းဆေး၊ မျက်နှာသန့်စင်ဆေး၊ မျက်နှာပေါင်းတင်ဆေး၊ မုတ်ဆိတ်ရိတ်ပြီးလိမ်းသောဆေးရည်၊ လက်သည်းဆိုးဆေး၊ လက်သည်းဖျက်ဆေး၊ မိတ်ကပ် (အရည်၊အခဲ)၊ ရေမွှေး၊ ချွေးနံ့ပျောက်ဆေး၊ အနံ့ပျောက်ဆေး၊ အရေပြားလိမ်းဆေး၊ အလှဆီ၊ ကိုယ်လိမ်းပေါင်ဒါ၊ ခံတွင်းသန့်စင်ဆေး စသော အလှကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ နှင့် ဓာတ်မြေသြဇာ၊ သဘာဝဓာတ်မြေသြဇာ၊ ရွက်ဖျန်းဓာတ်မြေသြဇာ၊ ကွန်ပေါင်းဓာတ်မြေသြဇာ၊ ဇော့စဖိတ်ဓာတ်မြေသြဇာ၊ ရွက်ဖျန်းအားတိုးဆေး၊ ပိုးသတ်ဆေးစသည့် ကုန်ပစ္စည်းများတို့ကို ပုံသဏ္ဌာန်၊ အရောင်အမျိုးမျိုးဖြင့်ထုတ်လုပ်၍ တစ်ပြည်လုံးသို့ ဖြန့်ချိလျက်ရှိပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ မှိုင်းမ တုပ၍ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားမပြုလုပ်ကြရန်နှင့် တုပ၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချကြောင်း တွေ့ရှိပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးငွေးမောင်(LL.B)
တရားရုံးချုပ်ရှေ့နေ
အမှတ် (၂၈၃)၊ ပထမထပ် (ဝဲ)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။
* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး	ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

လပွတ္တာမြို့နယ် ဘီတွတ်ကျေးရွာ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၈

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဧရာဝတီတိုင်း ကျန်းမာရေးဦးစီးဌာနမှ ဒုတိယတိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဌေး ဦးဆောင်၍ တိုင်းအနာကြီးရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာတင်မောင်အေး၊ ကူးစက်ရောဂါနှိမ်နင်းရေး အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာသူရမောင်၊ ဒေါက်တာအောင်ကျော်စိုး၊ သမားတော် ဒေါက်တာအောင်ကျော်သူတို့ ပါဝင်သော အထူးကုဆရာဝန်များအဖွဲ့၊ ကျန်းမာရေးဦးစီးဌာန ပတ်ဝန်းကျင်သန့်ရှင်းမှုဆိုင်ရာဌာနစိတ်မှ အင်ဂျင်နီယာ ဦးအောင်မြင့်စိုး၊ မြို့နယ် ငှက်ဖျားရောဂါတိုက်ဖျက်ရေးအဖွဲ့မှ ဝန်ထမ်းများ၊ ကာကွယ်ဆေးထိုးအဖွဲ့များပါဝင်သော အဖွဲ့သည် ဇူလိုင် ၂ ရက် နံနက်ပိုင်းတွင် ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန် လပွတ္တာမြို့နယ် ဘီတွတ်ကျေးရွာ ရှေ့တန်းစခန်းသို့ ရောက်ရှိကြသည်။

အဆိုပါအဖွဲ့သည် ဘီတွတ်ကျေးရွာ၌ တစ်နှစ်အောက် ကလေးငယ်များအား ကာကွယ်ဆေးခုနစ်မျိုး ထိုးခြင်း၊ (၉)လမှ (၁၅)နှစ်အောက် ကလေးများအား ဝက်သက်ရောဂါကာကွယ်ဆေးထိုးပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား ကိုယ်ဝန်စောင့်ရှောက်မှုပေးခြင်း၊ မေးခိုင်ရောဂါကာကွယ်ဆေးထိုးပေးခြင်း၊ အထူးကုဆရာဝန်များအဖွဲ့မှ ဆေးဝါးကုသပေးခြင်း၊ ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါများ မဖြစ်ပွားစေရေးအတွက် ခြင်နှိမ်နင်းခြင်း၊ စာသင်ကျောင်းများ၌ ခြင်နှိမ်နင်းဆေးမှုတ်ခြင်း၊ ဝမ်းမှတစ်ဆင့် ဖြစ်ပွားတတ်သောရောဂါများ မဖြစ်ပွားစေရေးအတွက် ယင်နှိမ်နင်းခြင်း၊ ရေငန်ဝင်သော ရေတွင်းရေကန်များမှ ရေများစုပ်ထုတ်ခြင်း၊ ယာယီမိုးရေလှောင်ကန်များ တည်ဆောက်ခြင်း၊ စံပြယင်လုံအိမ်သာနမူနာများ တည်ဆောက်ပြသခြင်း၊ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗိုင်းရပ်စ်ပိုးကိုအသုံးပြု၍ ဆီးကျိတ်ကင်ဆာဆဲလ်ကို စောစီးစွာ စမ်းသပ်ရှာဖွေနိုင်မည်

ချီကာဂို ဇူလိုင် ၁၈

ဓာတ်ခွဲခန်းသုံး ကြွက်ငယ်များ၏ ခန္ဓာကိုယ်အတွင်း ဖုံးကွယ်နေသော ရှာဖွေရခက်သည့် ဆီးကျိတ်ကင်ဆာ ဆဲလ်များကို အမေရိကန်သုတေသီတစ်စုသည် အအေးမိရောဂါ ဖြစ်ပေါ်စေသည့် ဗိုင်းရပ်စ်ပိုးကို အသုံးပြု၍ ရှာဖွေဖော်ထုတ်နိုင်ခဲ့သည်။ ၎င်းတို့၏ စမ်းသပ်မှုအောင်မြင်သည်ဟူသောအချက်ကို ဇူလိုင် ၁၁ရက်က ထွက်ပေါ်လာသော သတင်းတွင် ဖော်ပြထားသည်။

ယင်းသို့ ဖော်ထုတ်ရာ၌ သာမန် အအေးမိရောဂါကို ဖြစ်ပေါ်စေသော ဗိုင်းရပ်စ်ပိုးကို တိုက်ရိုက်အသုံးပြု၍ မရပေ။ ဇီဝအင်ဂျင်နီယာနည်းပညာဖြင့် ပြုပြင်ထားသော ဗိုင်းရပ်စ်ပိုးကို အသုံးပြုမှသာရသည်ဟု ဆိုသည်။

စာမျက်နှာ ၁၀ ကော်လံ ၂ သို့ ▲